


ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ ဟောကြားတော်မူသောတရားတော်

# တရားမြင်မှ၊ ဘုရားမြင်တယ်

(ဝက္ကလိရဟန်း)

ဟောကြားသောနေ့

( ၂ ၊ ၁ ၊ ၅၈ )

၁၂၈

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# တရားမြင်မှ ဘုရားမြင်တယ်

## (ဝက္ကလိရဟန်း)

(၂-၁-၅၈)

THITSARPARAMI LIBRARY
Date ........................

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# တရားမြင်မှ ဘုရားမြင်တယ်

## (ဝက္ကလိရဟာန်း)

(၂-၁-၅၈)

မနေ့က ဝက္ကလိကို တစ်ဝက်ကဖြတ်ပြီး နိဗ္ဗာန်ကူးပုံကိုဟောတယ်။ ဒီကနေ့ ဝက္ကလိအစက စပြီး ဆက်ပေးလိုက်မယ်။ နို့မဟုတ်ရင် သံသယရှိနေကြလိမ့်မယ်နော်။

ဝက္ကလိကို များသောအားဖြင့် ဟောကြတာက အဆုံးပိုင်းကိုမဟောကြဘူး၊ အစပိုင်းကိုပဲ ဟောကြတာများတယ်၊ အဲတော့ ထွက်ရပ်လမ်းပေါက်တဲ့နေရာ ကြည့်လိုက်တဲ့အခါကျတော့၊ အဆုံးပိုင်းကမှ ထွက်ရပ်လမ်းထင်ရှားတယ်။

အဲတော့ ဒကာ ဒကာမတွေက ဝက္ကလိက ဘယ်မှာနေတုံးဆိုတာမှတ်ပါ။ ရာဇဂြိုလ်ပြည်မှာ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး သီတင်းသုံးတယ်။

ဝက္ကလိကလည်း ထို့အတူပဲ ရာဇဂြိုလ်ပြည်မှာပဲနေတယ်၊ တစ်နေ့သ၌ကျတော့၊ ဝါကျွတ်တဲ့အခါကျတော့၊ ရာဇဂြိုလ်ပြည်မြို့ထဲသို့ ဝင်ပြီးသကာလ လာတော့ ဘုရားကန်တော့ရအောင်လို့ ထိုကဲ့သို့ဝင်လာတုန်းပဲ၊ လမ်းမှာပဲ ခြေမသယ်နိုင်၊ လက်မသယ်နိုင်ဖြစ်သွားတယ်။

အဲဒီကဲ့သို့ ခြေမသယ်နိုင်၊ လက်မသယ်နိုင်ဖြစ်ပြီးသကာလသွားတဲ့အတွက်၊ အိုးထိန်းသည်အိမ်ဇရပ်မှာ ဝင်ပြီးတည်းတယ်၊ တည်းခိုတဲ့အခါ တည်းရင်းမတ္တာနဲ့ပဲ ဝေဒနာတွေ တိုးတက်ပြီးသကာလ လာခဲ့တယ်။

## ဘုရားထံ အလျှောက်ခိုင်းတယ်

အဲဒီကဲ့သို့ ဝေဒနာတွေတိုးတက်ပြီးသကာလ လာတာနဲ့ပဲ၊ သူနာပြုမှာရှိတဲ့ ရဟန်းတွေကိုပြောတယ်၊ ဘယ်လိုပြောတုံးဆိုလို့ရှိရင်၊ မင်းတို့ ဘုရားဆီသွားကြကွာ၊ ဝက္ကလိမှာဖြင့် ပြင်းပြတဲ့ဝေဒနာဖြစ်နေတယ်။

ဝက္ကလိလည်း ဒီကနေပြီးသကာလ ရှိခိုးဦးတင်ပါတယ်၊ သို့သော် သနားသဖြင့် ဝက္ကလိရှိရာသို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ကြွပေးပါဆိုတာ မင်းတို့က လျှောက်ကြလို့ သူကမှာလိုက်တယ်။

အဲ့ဒီကဲ့သို့ မှာလိုက်တော့ ရဟန်းတွေက သွားကြတယ်၊ သွားကြပြီးသကာလ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလည်း သနားသဖြင့်လည်း ဝက္ကလိရှိရာသို့ ကြွလာတယ်၊ ဝက္ကလိရှိရာသို့ကြွလာတော့၊ အိုးထိမ်းသည်ဇရပ်မှာပဲ၊ ဝက္ကလိမမာတဲ့အနားမှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးရောက်လာတော့ ဝက္ကလိက နေရာလေးဘာလေး ခင်းပေးမလို့ပြင်မည့်အခါကျလို့ရှိရင် ဘုရားက မပြင်နဲ့။

ငါ့နေစရာရှိတယ်၊ ထိုင်စရာရှိတယ်၊ မင်းသည်ကားလို့ဆိုရင် ဒီနေရာမှာပဲနေပါ၊ မဆင်းပါနဲ့၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ခွင့်ပြုလိုက်တယ်။

## မင်းဝေဒနာ ဘယ့်နှယ်နေသတုံး

ခွင့်ပြုလိုက်ပြီးသကာလ ဒကာ ဒကာမတွေမေးပုံကိုသတိထားရမယ်၊ မေးပုံ သတိထားရမယ်၊ ဝက္ကလိက မင်းဝေဒနာဘယ့်နှယ်နေတုံးကွ၊ တပည့်တော်ဝေဒနာဘုရား၊ နောက်မဆုတ်ပါဘူး၊ ရှေ့ပဲတိုးပါတယ်။

အေး မင်းဝေဒနာသည် နောက်မဆုတ်ဘူး၊ ရှေ့တိုးတယ်ဆိုတာ ငါသဘောကျပြီ၊ မင်းသည်ကားလို့ဆိုရင် သံသယ၊ ကုက္ကုစ္စများ ဘာရှိသေးသတုံး။

## မင်းရဲ့သီလကို သံသယရှိသလား

မင်းသီလများ သံသယရှိသလား၊ မင်းကိုယ်နဲ့မင်း သီလကို သံသယရှိသလား၊ ဒကာ ဒကာမတွေ ဒီမေးခွန်းလေးကို သတိထားပါ၊ မင်းကိုယ်နဲ့မင်းသီလကို သံသယရှိလားလို့မေးလိုက်တယ်။

ဒါ ဘုရားကမေးလိုက်တယ်၊ သီလဆိုတာ ဒကာ ဒကာမတို့ သီလပျက်တဲ့ပုဂ္ဂိုလ်များ၊ သီလမှားယွင်းတဲ့ပုဂ္ဂိုလ်များ၊ သေတော့မယ်ဆိုလို့ရှိရင်ဖြင့်၊ ကိုယ့်ကိုယ်ကို သံသယရှိတယ်။

သီလ ဝိပဿိဆိုပြီးသကာလ ကိုယ့်သီလကို ပျက်စီးတဲ့အတွက် အင်း- ငါတော့ မှားခဲ့ပြီ၊ နေရာမကျဘူး၊ လိမ်ခဲ့ပြီ၊ ကောက်ခဲ့ပြီ၊ မုသားတွေပြောခဲ့ပြီ။

ပါဏာတိပါတာ၊ အဒိန္နာဒါနာ၊ ကာမေသုမိစ္ဆာစာရ အစရှိသည်တို့ ငါဖြင့် လွန်ခဲ့၊ ကျံခဲ့ပြီ၊ အဲတော့ ဒါတွေစဉ်းစားပါ့လား၊ ဒါ ဘယ်သူ့စွပ်စွဲတာတုံးဆိုရင်ဖြင့် မိမိကိုယ်ကို သီလနဲ့စွပ်စွဲတာ သဘောကျကြလား. . (ကျပါတယ်ဘုရား)။

ဘာနဲ့စွပ်စွဲပါလဲ . . . (သီလနဲ့စွပ်စွဲပါတယ်ဘုရား)၊ မိမိကိုယ်ကို သီလနဲ့စွပ်စွဲ ာယ်ဆိုတာ မှတ်ထားရမယ်။

အဲ့တော့ ဘုရားကမေးလိုက်တယ်၊ ဝက္ကလိ မင်းခန္ဓာကိုယ်ကြီးကို သီလပျက်စီးတယ်လို့ မင်းစွပ်စွဲမိသလား၊ ဒီလို

များ စွပ်စွဲပြီးသကာလ၊ မင်းနှလုံးမသာမယာများရှိသလား၊ ယခုလိုမမာတဲ့အချိန် အရှင်ဘုရားတဲ့ တပည့်တော် ကိုယ့် သီလအတွက်တော့ဖြင့် သံသယမရှိပါဘူး။

ဘာမှစွဲချက်လည်းမတင်ပါဘူး၊ သီလတွေလည်း လုံခြုံပါတယ်၊ ဒါဖြင့် ဝက္ကလိက သူဟာသူ သီလလုံခြုံကြောင်း ကိုဖြင့် ထင်ရှားတယ်ပေါ့လေ. . . (မှန်ပါ့)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ဘယ်လို ဖြစ်တတ်သလဲဆိုတာ သေခါနီးမှာ သတိထားပါ. . . (တင်ပါ့)၊ သေခါနီးဘယ်လိုဖြစ်တတ်တုံးဆိုလို့ရှိရင်ဖြင့်၊ ဘာမှ နိမိတ်မထင်ခင်ကိုပင်လျှင် ဒကာ ဒကာမတို့ ဩော် ငါသည် အနေမှားခဲ့ပြီ၊ အသုံးမှားခဲ့ပြီ၊ အပြောမှားခဲ့ပြီ၊ အဆိုမှားခဲ့ပြီ ဆိုပြီး ကိုယ့်ခန္ဓာကိုယ်ကြီးကိုပင်လျှင်၊ သီလပျက်စီးမှု သီလ ဝိပသိဆိုတဲ့ သီလပျက်စီးမှု၊ ကိုယ့်ကိုယ်ကိုစွပ်စွဲတာတွေ လာတတ်သတဲ့၊ သဘောကျကြလား. . (ကျပါတယ်ဘုရား)။

## သေခါနီးမှာ ဘာလာတတ်သတုံး

ဘာလာတတ်တုံး. . . (ကိုယ့်ကိုယ်ကိုစွပ်စွဲတာတွေ လာတတ်ပါတယ်ဘုရား)၊ ကိုယ့်ကိုယ်ကိုစွပ်စွဲတာတွေ လာ တတ်တယ်ဆိုတော့ စဉ်းစား၊ သူများစွပ်စွဲတာသည် အရေး မကြီးဘူး၊ ကိုယ့်ကိုယ်ကို စွပ်စွဲတာသည် ကိုယ်နှလုံးမသာယာ ဖြင်းဖြစ်ပါတယ်။

ဘာဖြစ်တတ်တုံး. . . (ကိုယ်နှလုံးမသာယာခြင်းဖြစ်တတ်ပါတယ်)၊ ဒါဖြင့် ကိုယ်နှလုံးမသာယာခြင်းဆိုတော့ ဒကာ ဒကာမတွေက စိတ်ထဲမှာမချမ်းသာပဲနဲ့ စုတိစိတ်မရောက်ရဘူးလား. . . (ရောက်ရပါတယ်)။

ရောက်တော့ နှလုံးမသာယာတာက ဒေါမနဿဆိုရင်ကော လွဲသလား. . . (မလွဲပါဘူးဘုရား)၊ ဒါဖြင့် ဒေါသဇောနဲ့သေတဲ့အမိပ္ပါယ် အသေအချာမရောက်ဖူးလား. . . (ရောက်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ ဘုန်းကြီးကသတိပေးရတယ်၊ ဒကာ ဒကာမတို့ ကိုယ့်ကိုယ်ကို သီလအားဖြင့် စွပ်စွဲတဲ့သဘောမရှိရအောင်၊ ခင်ဗျားတို့နှလုံးသွင်းပါလို့ သတိပေးလိုက်တယ်. . . (မှန်ပါ့)။

## နှလုံးမသာယာမှုက လာတတ်တယ်

နို့မဟုတ် သေခါနီးကျတော့ ကိုယ့်ကိုယ်ကို နှလုံးမသာယာမှုကလာတတ်တယ်၊ ဦးစံရီတို့မလာတတ်ဖူးလား. . (လာတတ်ပါတယ်ဘုရား)။

ဒါတွေသတိထားစမ်း ဒကာ ဒကာမတွေ၊ ဘာလာတတ်တုံးသေခါနီး. . . (နှလုံးမသာမယာ လာတတ်ပါတယ်ဘုရား)၊ ကိုယ့်ကိုယ်ကိုစွပ်စွဲပြီး ငါမှားခဲ့တယ်၊ ငါနေထိုင်မှား

ခဲ့တယ်၊ ငါ ဝိပဿနာအလုပ် မလုပ်ခဲ့ဘူး၊ ငါ့သီလတွေက လည်း ချွတ်ယွင်းပြီးသကာလ နေတယ်ဆိုတော့ ကိုယ့်ကိုယ်ကို သီလအားဖြင့် စွပ်စွဲပါတယ်။

ထိုကဲ့သို့စွပ်စွဲတော့၊ ဘယ်အချိန်စွပ်စွဲတာတုံးလို့မေး ခွန်းထုတ်လို့ရှိရင်လည်း၊ သေခါနီးစွပ်စွဲတာပဲ၊ ထိုကဲ့သို့ သေခါ နီးစွပ်စွဲလို့ရှိရင်ဖြင့် သေခါကလည်း နီးပြန်တယ်၊ စွပ်စွဲချက်က လည်း ကိုယ့်ဟာကို၊ နှလုံးမသာယာမှုကလည်း ဝမ်းထဲရောက် နေပြန်တယ်ဆိုတော့၊ ဦးခင်မောင်တို့က စဉ်းစားရမှာ ဩော် သူဟာ နှလုံးမသာယာမှုနဲ့သေရမှာပဲ. . . (မှန်ပါ့)။

ဆိုနိုင်ကြလား. . (ဆိုနိုင်ပါတယ်ဘုရား)၊ ဦးဘအုန်း ဘယ်လိုဆိုမတုံး. . . (နှလုံးမသာယာမှုနဲ့သေရမှာပါဘုရား)၊ အင်း. . ဒါဘယ်သူ့စွပ်စွဲတာပါလိမ့်မတုံး. . . (ကိုယ့်ကိုယ်ကို စွပ်စွဲတာပါဘုရား)။

## အခုအချိန်ကစပြီး ဝိပဿနာလုပ်ပါ

အင်း- ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ယခု အခါချိန်ကစပြီး ဝိပဿနာလုပ်ထားပါ၊ တိုက်တွန်းရတယ်နော် . . . (မှန်ပါ့)၊ ဘာကြောင့်တုံးလို့မေးတဲ့အခါကျတော့ ကိုယ့် ကိုယ်ကိုစွပ်စွဲမှုဟာ လာတတ်လွန်းလို့၊ ကိုယ့်ကိုယ်ကို စွပ်စွဲ မှုဟာလာတတ်ပါတယ်။

ထိုကဲ့သို့ လာခဲ့သည်ရှိသော် ဦးဝ ကောင်းပါ့မလား. (မကောင်းပါဘူးဘုရား)၊ ဘယ်အချိန်မှလာတုံး. . . (သေခါနီးမှလာတယ်)၊ သေခါနီးဆိုတာ မှတ်လိုက်စမ်းပါ၊ ဘဝကူးခါနီးမှလာတာ. . . (မှန်ပါ့)။

ဒါဖြင့် ဒီမှာ စွပ်စွဲမှုရှိနေလို့ရှိရင်၊ ကူးခါနီးကျတော့ အကောင်းကူးမဖြစ်နိုင်တော့ဘူး၊ အဆိုးကူးမဖြစ်ပေဘူးလား (ဖြစ်ပါတယ်ဘုရား)၊ အင်မတန်ကြောက်စရာမကောင်းဘူးလား. . . (ကောင်းပါတယ်ဘုရား)။

ကြည့်စမ်း ဦးဘကြည်တို့၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဝက္ကလိမေးတာ၊ မင်းကိုယ်ကို သီလအားဖြင့်စွပ်စွဲသလားကွ ဒါကိုမေးလိုက်တယ်. . . (မှန်ပါ့)။

ဘယ်အချိန်မေးတာတုံး၊ မမာနေတုန်းမေးတာ. . . (မမာနေတုန်းမေးတာပါဘုရား)၊ အဲတော့ ဝက္ကလိက တပည့်တော် သီလအားဖြင့်တော့ ကိုယ့်ကိုယ်ကိုမစွပ်စွဲပါဘူးဘုရား၊ တပည့်တော်သီလ၊ တပည့်တော်လုံခြုံပါတယ်။

တပည့်တော်ပြစ်မှားမှုမရှိပါဘူး၊ ရှိတဲ့ပြစ်မှားမှုတွေလည်း၊ တပည့်တော် ဝိပဿနာဉာဏ်တွေနဲ့ အလုံးစုံအကုန်ပဲ ချေပပြီးပါပြီ။ ဒါဖြင့် မင်း ဘာများစွပ်စွဲမှုများရှိသေးတုံးကွ၊ ဘုရားက ဆက်မေးတာ. . . (မှန်ပါ့)။

အဲ့ဒါ ဆက်မေးတော့၊ အရှင်ဘုရားတဲ့ တပည့်တော် စွပ်စွဲမှုက တခြားမဟုတ်ဘူးတဲ့၊ အရင်တုန်းကတော့ ဘုရားနဲ့ တပည့်တော်နဲ့ဝေးနေငြားသော်လည်း ခဏခဏလာပြီး ဖူးတွေ့ရပါတယ်၊ အခုတော့ တပည့်တော်က မမာနေသည့် အတွက် ဘုရားပင့်ပြီးမှ ဖူးတွေ့ရပါတယ်။

## ဘုရားမဖူးရမှာစိုးရိမ်တယ်တဲ့

အင်း- ဒီအတိုင်းသာ ဒီမမာနဲ့ ဒီအဖြစ်မျိုးနဲ့ဆိုလို့ ရှိရင်ဖြင့်၊ ငါသည် ဘုရားကို ကျကျနနဖူးရတော့မှာမဟုတ် တော့ဘူးဆိုပြီး၊ အဲ့ဒီ စွပ်စွဲမှုလေးတော့ရှိတယ်၊ သဘောကျ ကြပလား. . . (ကျပါတယ်ဘုရား)။

ဘာစွပ်စွဲတာတုံး. . . (ဘုရားရှင်နဲ့ မဖူးတွေ့ရမှာကို စွပ်စွဲပါတယ်ဘုရား)၊ ဘုရားမဖူးရတဲ့အတွက် သူသည် စွပ်စွဲ မှုလေးရှိတယ်၊ ဘယ်အတွက်ပါလိမ့်. . . (ဘုရားမဖူးရတဲ့ အတွက်ပါဘုရား)။

အဲတော့ ဘုရားကဖြေလိုက်တယ်၊ အလံ ဝက္ကလိ၊ ဝက္ကလိ = ဝက္ကလိ၊ အလံ = မင်းပြောတဲ့စကားမတော်ဘူးကွာ ဖြေလိုက်ပြီ ဘုရားက. . . (မှန်ပါ့)။

## မင်းပြောတဲ့စကားမတော်ဘူး

မင်းပြောတဲ့စကားမတော်ဘူးကွ၊ မင်းပြောတဲ့စကား မတော်ဘူးဆိုတော့၊ ဒီစွဲချက်မမှန်ဘူးလို့ပြောလိုက်တာပဲဆို တာ ရိပ်မိကြပလား. . . (တင်ပ့ါ)၊ ဒီ စွပ်စွဲချက် ဘယ့်နှယ်နေ တုံး. . . (မမှန်ပါဘူးဘုရား)။

မင်းကကွာတဲ့၊ ဘယ်နေရာကျမတုံးတဲ့၊ ငါဘုရား သခင်ကိုယ်တော်မြတ်ကြီး ဘုန်းတော်အနန္တ၊ ဉာဏ်တော် အနန္တ၊ ကံတော်အနန္တနဲ့ဖြစ်တဲ့ ခန္ဓာကိုယ်ကြီးပါပဲတဲ့။

## အသုဘခန္ဓာကြီးပုံးလို့ ကျေးဇူးမများဘူးတဲ့

သို့သော်လည်း အသုဘခန္ဓာကြီးကွ၊ လာဖူးနေလို့ ဘာမှကျေးဇူးမများဘူးတဲ့. . . (တင်ပ့ါ)၊ ရှင်းဂလား. . . (ရှင်း ပါပြီဘုရား)။

ခုနက ရှေးဦးစွာစကားကဘာတုံး၊ ပယ်လိုက်တယ် (မှန်ပ့ါ)၊ ပယ်ခြင်း၏အကြောင်းကိုလည်း နောက်မဖော်ဘူး လား. . . (ဖော်ပါတယ်)၊ ဘယ်လိုဖော်လိုက်ပါလိမ့်. . . (အသုဘခန္ဓာကိုယ်ပါတဲ့ဘုရား)။

အသုဘခန္ဓာကိုယ်ပါပဲကွတဲ့၊ ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ကံတော်အနန္တနဲ့ဖြစ်ငြားသော်လည်း၊ ခန္ဓာ ကိုယ်ကြီးကတော့ အသုဘအဖြစ် မစွန့်ပါဘူးကွ။

ဒါကြောင့် မင်း ဒါလေးနဲ့စွပ်စွဲပြီးသကာလ၊ ဘုရား လည်းမဖူးရလို့ တပည့်တော် အဲ့ဒီစွပ်စွဲချက်ရှိတယ်ဆိုတာ မင်းဖြုတ်လိုက်ဆိုတော့ မရှင်းကြသေးဘူးလား. . . (ရှင်းပါ ပြီဘုရား)။

အင်မတန်ရှင်းပြီ. . . (မှန်ပါ့)၊ ဒါဖြင့် ဒကာ ဒကာမ တို့ ဘုရားမဖူးရလို့ ဆိုတာလား. . ဟုတ်လား. . . ဒီအတိုင်း ဘုရားသခင်ကိုယ်တော်မြတ်ကြီး ငါ့မဖူးနဲ့ဆိုတာလား ဆိုတဲ့ မေးခွန်းတွေဟာ ထွက်မလာပေဘူးလား. . . (ထွက်လာပါ တယ်ဘုရား)။

ထွက်လာတဲ့အခါ ဗုဒ္ဓါနုဿတိတွေ ပျက်သွားတော့ မပေါ့. . . (တင်ပါ့)၊ ဦးစံရီတို့ မပျက်ပေဘူးလား. . . (ပျက် ပါတယ်ဘုရား)၊ ဗုဒ္ဓါနုဿတိဆိုတာ ဘာပါလိမ့်မတုံး ဒကာ ဒကာမတို့. . . (ဘုရားဂုဏ်)၊ ဘုရားဂုဏ်ကို အဖန်တလဲလဲ အောက်မေ့တာ ဗုဒ္ဓါနုဿတိလို့ ခေါ်သည်။

## ဘုရားရှိခိုးတာ ဗုဒ္ဓါနုဿတိ၊ သမထ

ဗုဒ္ဓါနုဿတိ ဘာပါလိမ့်. . . (ဘုရားဂုဏ်တော်ကို အဖန်တလဲလဲအောက်မေ့တာပါဘုရား)၊ ဘုရားဂုဏ်ကို အဖန်တလဲလဲအောက်မေ့တာ ဗုဒ္ဓါနုဿတိလို့ ဆိုတော့၊ ဩော် ဒါဖြင့် ဒကာ ဒကာမတွေ ဘုရားရှိခိုးကြတယ်နော်၊

ဘုရားရှိခိုးတော့ ငါးမိနစ်ကြာတယ်၊ ဆယ်မိနစ်ကြာတယ်၊ ဆယ့်ငါးမိနစ်ကြတယ်၊ ကိုယ်ရတာကိုယ်ဆိုကြမှာပေါ့ဗျာ. . (မှန်ပါ့)။

ဆိုကြတော့ ဘုရားဂုဏ်တွေပဲ ထပ်ပြန်တလဲလဲ ဆိုတာပဲမဟုတ်လား. . . (မှန်ပါ့)၊ ဘုရားဂုဏ်များ များသလောက် ကိုယ်ရသလောက် မဆိုကြဘူးလား. . . (ဆိုပါတယ်ဘုရား)၊ အဲ့ဒါ ဗုဒ္ဓါနုဿတိပါပဲ။

ဗုဒ္ဓါနုဿတိဆိုတာ သမထလား၊ ဝိပဿနာလားလို့ တစ်ခါစစ်လိုက်ပါဦး. . . (သမထပါဘုရား)၊ ဦးဘကြည် ဘာခေါ်ကြမတုံး. . . (သမထပါဘုရား)၊ ဦးဘတင်တို့. . (သမထပါဘုရား)။

## သမထထက် ဝိပဿနာကသာတယ်

အဲတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သူ သမထထက် ဝိပဿနာကသာတဲ့အဖြစ်ကို ပြလိုသောကြောင့်၊ ခန္ဓာကိုယ်ကြီးဖူးနေသဖြင့် ကျေးဇူးမရှိဘူးကွ၊ ဒါသမထလို့ ပြောတယ် ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် သမထနဲ့ ဝိပဿနာ ဘယ်သူကကျေးဇူးများတုံး. . (ဝိပဿနာက ကျေးဇူးများပါတယ်ဘုရား)၊ ဝိပဿနာက ကျေးဇူးများတဲ့အတွက်၊ ဝက္ကလိက သမထသန်မှာစိုးလို့

ပယ်လိုက်ရတယ်. . . (မှန်ပါ့)၊ ရှင်းကြပလား. . . (ရှင်းပါတယ်ဘုရား)။

## ဒီအပုတ်ကောင်ကြီးဖူးနေလို့ ဘာအကျိုးရှိမှာလဲ

ဘယ်လိုရှင်းတုံး. . . (သမထသန်မှာစိုးလို့ ပယ်တာပါဘုရား)၊ သမထဘက်ကို လဲသွားမှာစိုးလို့၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မင်းဘာအကျိုးရှိမလဲကွာ၊ ဤအကောင်ပုပ်ကြီး ဖူးနေလို့ မင်းဘာအကျိုးရှိမလဲကွ၊ ဦးဘကြည် မပယ်ဘူးလား. . . (ပယ်ပါတယ်ဘုရား)။

ဤအကောင်ပုပ်ကြီးရှိနေသဖြင့် မင်းဘာကျေးဇူးရှိမလဲကွဆိုဟာ၊ ဖြုန်းခနဲယူလိုက်လို့ရှိရင်၊ မဖူးစေချင်လို့ ယူတဲ့သဘောမျိုးလဲ ရောက်တတ်တယ်. . . (မှန်ပါ့)။

## အမြတ်စားကို ရွေးစေချင်လို့

သို့သော် အမြတ်အယုတ်နှစ်ပါးရှိရာတို့တွင်၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည်၊ အမြတ်စားကို အကြီးစားရစေချင်တဲ့အတွက်၊ သမထကို ချိပ်ထားပြီးတော့၊ ဝိပဿနာဘက်ကူးစေချင်လို့ဟောတယ်လို့ မှတ်ရမယ်. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အဲတော့၊ ဒါ တချို့တစ်ဖက်စောင်းယူလိုက်လို့ရှိရင် ဦးစံရှိ မလွဲပေဘူးလား. . . (လွဲပါတယ်ဘုရား)၊ များသော အားဖြင့် ဦးခင်မောင်. . တစ်ဖက်စောင်းများတယ်နော်. . (တင်ပါ့ဘုရား)၊ များဘူးလား. . . (များပါတယ်ဘုရား)။

## သမထနဲ့သေရင် ဗြဟ္မာ့ပြည်သွားမယ်

ဒကာ ဒကာမတွေ စောင်းချင်သေးသလား. . . (မစောင်းချင်ပါဘူးဘုရား)၊ သမထနဲ့ ဝိပဿနာ ဘယ်ဟာ မြတ်ပါလိမ့်. . . (ဝိပဿနာမြတ်ပါတယ်ဘုရား)။

ဝိပဿနာက မြတ်တော့ကိုး သေခါနီးမှာ စဉ်းစားပါ၊ သေခါနီးသမထနဲ့သေရင် ဗြဟ္မာ့ပြည်သွားမယ်၊ ဝိပဿနာနဲ့ သေရင် နိဗ္ဗာန်သွားမယ်၊ သွားပုံချင်း မခြားနားဘူးလား. . . (ခြားနားပါတယ်ဘုရား)၊ အတော်ခြားနားတယ်ဆိုတာ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

## ဝိပဿနာနဲ့သေရင်နိဗ္ဗာန်

ကိုင်း ဘုရားသည် ဘယ်ဟာခွင့်ပြုရမတုံး သေခါနီး ကို. . . (ဝိပဿနာရှုမှုပါဘုရား)၊ ဒါဖြင့် သမထချိပ်ထားပေါ့ . . . (တင်ပါ့)၊ ဒါဖြင့် ကိုယ်တော်မြတ်ကြီး ကရုဏာက အဖိုး

တန်ပေးချင်လို့ သူ့ကိုယ်ကြီးကို ရှိခိုးသဖြင့် ဘာအကျိုးရှိရမလဲ လို့ပြောတာ. . . (မှန်ပ့ါ)၊ သဘောကျပလား. . . (ကျပါတယ် ဘုရား)။

ဒါဖြင့် ဘယ်လိုရည်ရွယ်ချက်ဆိုတာ ဘုရားအာဘော် သိကြပလား. . . (သိပါပြီဘုရား)၊ ဘယ်လိုသိကြပါလိမ့်. . . (ဝိပဿနာပဲအားထုတ်ရမှာပါဘုရား)။

ဝိပဿနာ သန်သန်ကြီးအားထုတ်စေချင်လို့ သမထ ပယ်လိုက်ခြင်းဖြစ်ပါတယ်. . . (မှန်လှပါ)၊ ဒီသမထမှ အား မထုတ်တဲ့ပုဂ္ဂိုလ်များကျတော့ ဓဇဂ်သုတ်ကို စောင့်ကြည့်၊ ဓဇဂ်သုတ်ဆိုတာ ခင်ဗျားတို့ရကြလား. . . မရကြဘူးလား . . . (ရပါတယ်ဘုရား)။

နောစေဗုဒ္ဓံ သရေယျာထ လောကသေဋ္ဌ နရာသဘံ၊ ငါဘုရား ကြပ်ကြပ်အောက်မေ့ဟော့၊ ငါဘုရား ကြပ်ကြပ် အောက်မေ့ဟော့ မလာဘူးလား. . . (လာပါတယ်ဘုရား)၊ ဘုရားက အဲ့ဒီကျတော့ အောက်မေ့လို့ဟောတယ် သဘော ကျပလား. . . (တင်ပ့ါ)။

## ဓဇဂ်သုတ်မှာ သမထအဓိကထားခိုင်းတယ်

ဓဇဂ်သုတ်ကျတော့ ဘာဟောထားပါလိမ့်. . .

(အောက်မေ့ပါဘုရား)၊ အောက်မေ့ဆိုတာလည်း အာရုံပြုတာပဲမဟုတ်လား. . . (မှန်လှပါဘုရား)။

အဲ့ဒီကျတော့ ဘာအဓိကထားပါလိမ့်မတုံး. . . (သမထပါဘုရား)၊ သမထ အဓိကထားပြန်တယ်. . (မှန်ပါ့)၊ ယခု ဝက္ကလိဟောပြန်တော့. . . (ဝိပဿနာပါဘုရား)။

## ဘုရားက ဘယ်ဟာမှမပယ်ဘူး

ဒါဖြင့် ဘယ်ဟာမှမပယ်ဘူးဆိုတဲ့အဓိပ္ပါယ်ကောရှင်းမနေဘူးလား. . . (ရှင်းပါတယ်ဘုရား)၊ အဲ့ဒါ မဟောတတ်၊ မပြောတတ်တဲ့ဆရာသမားနဲ့ကြုံလို့၊ ကန်တတ်၊ ကျောက်တတ်တဲ့ပုဂ္ဂိုလ်နဲ့ကြုံပြီဆိုမှဖြင့်၊ ဘုရားပူဇော်တာဘာကျေးဇူးရှိတုံးကွ၊ ကြည့်ပါလားကွ၊ ဝက္ကလိသုတ်မှာငါဘုရားခန္ဓာကိုယ်ကြီး အပုပ်ကောင်ကြီး ဖူးနေသဖြင့်၊ မင်းဘယ်အကျိုးရှိရမလဲဆိုပြီးသကာလ၊ ကိုယ်တော်တိုင်ကန့်ကွက်ထားတယ်ဆိုတဲ့အဓိပ္ပါယ်ကို၊ ဒီသုတ်ကလေးတစ်သုတ်ထဲနဲ့ သူက အကိုးအကားထားပြီးပြောလိုက်တော့၊ ဦးဘကြည်တို့ မလွဲဘူးလား. . . (လွဲပါတယ်ဘုရား)

ဓဇဂ်သုတ်ဆိုတာ ဘယ်သူဟောတာပါလိမ့်. . . (ဘုရားဟောတာပါဘုရား)၊ အဲ့ဒီကျတော့ ဘာတဲ့. . . (အဖန်တလဲလဲအာရုံပြုရမှာပါဘုရား)၊ အဖန်တလဲလဲ အာရုံ

ပြုပါကွ၊ အဖန်တလဲလဲအာရုံပြုပါကွ၊ အဲ့ဒါတွေမရှိဘူးလား (ရှိပါတယ်ဘုရား)၊ သဘောကျပလား. . (ကျပါတယ်ဘုရား)။

## ဝိပဿနာအားထုတ်ရင်တော့

ကောင်းပြီ၊ ဒါဖြင့် ဘုရားကိုရှိမခိုးရဘူးလား၊ ရှိခိုးရမှာလား. . . (ရှိခိုးရမှာပါဘုရား)၊ ဇေဂ်သုတ်အလိုဆို အဖန်တလဲလဲရှိခိုး. . . (မှန်ပါ့)၊ ဝိပဿနာတက်မဲ့ပုဂ္ဂိုလ်ဆိုလို့ရှိရင်ဖြင့်၊ သူ့ရှိခိုးပြီးသကာလ၊ သူ့လျော့ပြီး ဟိုဘက်တက်. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

လုံးဝမကိုးကွယ်ရဘူး၊ မဆည်းကပ်ရဘူးလို့ဆိုလိုသလား. . . (မဆိုလိုပါဘုရား)၊ ကဲ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ခု ဒါဖြင့် ဒီတရားပွဲမှာ ယနေ့စဟောတော့ကို နှစ်ချက်ပါသွားတယ်. . . (မှန်ပါ့)၊ သေခါနီး ကိုယ့်ကိုယ်ကို မစွပ်စွဲဖို့ တစ်ချက်အရေးကြီးတယ်. . . (မှန်ပါ့)၊ မကြီးဘူးလား. . . (ကြီးပါတယ်ဘုရား)။

ဗုဒ္ဓါနုဿတိနဲ့ သမထမှာ အရေးတကြီးပဲ၊ ဗုဒ္ဓါနုဿတိနဲ့ ဝိပဿနာမှာ ဘယ်ဟာအရေးတကြီး ပဓာန ထားတယ်ဆိုတာကော. . . (ပေါ်ပါပြီဘုရား)၊ မပေါ်သေးဘူးလား. . . (ပေါ်ပါပြီဘုရား)။

အဲ့တာ ဇေဂ်သုတ်မှာဟောခဲ့တာက၊ ကျွတ်ထိုက်တဲ့နေရာမှာ အချိုးအစားနဲ့၊ ကြက်သီးမွေးညင်းထခြင်း၊ ကြောက်ခြင်း၊ လန့်ခြင်းသာ ပျောက်တယ်လို့ဆိုတယ်၊ ခန္ဓာနဲ့တကွ ဒုက္ခသိမ်းမယ်လို့ ဟောရဲ့လား. . . (မဟောပါဘူး)၊ အဲ့ဒါ ဇေဂ်သုတ်အဓိပ္ပါယ်. . . (မှန်လှပါ)၊ သဘောကျကြပလား. . . (ကျပါတယ်ဘုရား)။

## အန္တရာယ်ကင်းစေခြင်းငှာ ဟောသည်

ကြောက်ခြင်း၊ လန့်ခြင်း၊ ကြက်သီးမွေးညင်းထခြင်း၊ ဟုတ်လား ဒါတွေတော့ရှိရဲ့လား. . . (မရှိပါဘူးဘုရား)၊ ဘုရားဂုဏ်အောက်မေ့ရင် ရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)၊ တရားဂုဏ်အောက်မေ့ရင်ကော. . . (မရှိပါဘူးဘုရား)၊ ဒါဖြင့် အန္တရာယ်ကင်း၍ ဘေးရှင်းစေခြင်းအကျိုးငှာဘာဟောတုံး. . . (ဇေဂ်သုတ်ဟောပါတယ်ဘုရား)၊ ကဲဗုဒ္ဓါနုဿတိဆိုလိုက်ပါတယ်. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အန္တရာယ်ကင်း၍ ဘေးရှင်းစေခြင်းအကျိုးငှာ ဘာဟောပါလိမ့်. . (ဗုဒ္ဓါနုဿတိဟောပါတယ်ဘုရား)၊ ကောင်းပြီဝိပဿနာကတော့ ဘယ်အကျိုးငှာတုံးဆိုလို့ရှိရင်ဖြင့် ယခုပစ္စုပ္ပန်အန္တရာယ်ရှင်းလို့ ဘေးကင်းခြင်းသည် အလိုမရှိ၊

ကိလေသာတည်းဟူသော အန္တရာယ်တွေမှ ရှင်းစေခြင်း အကျိုးငှာ ဝိပဿနာကို ဟောတယ်. . . (မှန်ပါ့)၊ သဘော ကျပလား. . . (သဘောကျပါတယ်ဘုရား)။

## ပစ္စုပ္ပန်အန္တရာယ်ကင်းအောင်လို့

ပစ္စုပ္ပန်အန္တရာယ်တွေကင်းအောင် ဓဇဂ်သုတ်ကို ဟောသည်. . . (တင်ပါ့)၊ ဟုတ်လား၊ တစ်သံသရာလုံးကို မင်္ဂဖိုလ်တားမြစ်တတ်တဲ့ အန္တရာယ်တွေကင်းအောင်တော့ ဘာဟောရမတုံး. . . (ဝိပဿနာဟောရမှာပါဘုရား)။

ထူးခြားသေးဘူးလား. . . (ထူးခြားပါတယ်ဘုရား)၊ ဒါပေါ်သွားပြီ ဒကာ ဒကာမတို့၊ မပေါ်သေးဘူးလား. . . (ပေါ်ပါပြီဘုရား)၊ အဲ့တော့ မယောင်ကြပါနဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေရ၊ မယောင်ကြပါနဲ့ဆိုတာ အထူးပဲပြော ရတယ်၊ နို့မဟုတ်လို့ရှိရင်ဖြင့် ဆွမ်းတော်တင်တယ်ဆိုလို့ရှိရင် ဖြင့် ကျေးဇူးမရှိဘူး ယူချင်ယူပစ်လိုက်မှာ. . . (မှန်ပါ့)၊ မယူ ပေဘူးလား. . . (ယူမှာပါဘုရား)။

## ပစ္စုပ္ပန်အကျိုးနဲ့ သံသရာအကျိုးခွဲပါ

ဘုရားရှိခိုးနေတာတွေ ဒါ မယူဘူးနော်. . . (ယူမှာ ပါဘုရား)၊ အဲ့ဒိကဲ့သို့ယူမှာစိုးတဲ့အတွက် သမထ၊ ဝိပဿနာ

မကွဲတာလည်းတစ်ကြောင်း၊ ပစ္စုပ္ပန်အကျိုးနဲ့ သံသရာအကျိုးကို မကွဲတာလဲတစ်ကြောင်း ဤကဲ့သို့ အကြောင်းအမျိုးမျိုးတွေကို မဝေဖန်တတ်တာနဲ့ တစ်ခုပယ်ချတယ်၊ တစ်ခုပယ်တာလက်ကိုင်ထားတယ်ဆိုတော့ ဦးဘကြည်ကောင်းသေးရဲ့လား. . . (မကောင်းပါဘူးဘုရား)။

အတော်မဆိုးဘူးလား. . . (ဆိုးပါတယ်ဘုရား)၊ ကဲ ယနေ့အဓိပ္ပါယ်ရှင်းပလား. . . (ရှင်းပါပြီ)၊ ကောင်းပြီ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဘယ်လိုဟောပြန်တုံးဆိုတော့၊ မင်းကွာတဲ့ ဒီအကောင်ပုပ်ကြီး ကြည့်နေသဖြင့် ဘာကျေးဇူးရှိရမလဲ၊ မင်းကြည့်ချင်လို့ရှိရင်ဖြင့် ယောစ ဝက္ကလိ ဓမ္မံ ပဿတိ သောမံ ပဿတိ။

## တရားမြင်မှ ဘုရားမြင်တယ်

တရားမြင်မှ ဘုရားမြင်မှာပါပဲကွ၊ ဆက်ဟောတယ် (မှန်ပ့ါ)၊ ဦးဘကြည် ဒါခုနက ပါဠိအဆက်နော်. . . (တင်ပ့ါ)၊ တရားမြင်ရင်ဘာတဲ့. . . (ဘုရားမြင်ပါတယ်ဘုရား)၊ ဘုရားမြင်ရင်. . . (တရားမြင်ပါတယ်ဘုရား)။

သို့သော် စကားနှစ်ခွန်းရှေ့နောက်ခွဲလိုက်ပါ၊ တရားမြင်ရင်ဘာတုံး. . (ဘုရားမြင်ပါတယ်ဘုရား)၊ ဒါ ရှေ့စကား၊ ဘုရားမြင်ရင်. . . (တရားမြင်ပါတယ်ဘုရား)၊ ဒါက ဘာတုံး (နောက်စကား)။

ဒါဖြင့် တစ်နဲ့ နှစ် ဒါ သတိထားရလိမ့်ဦးမယ်၊ တစ်နဲ့ နှစ်သတိထားရလိမ့်ဦးမယ် ဒကာ ဒကာမတို့၊ တရားမြင်ရင် (ဘုရားမြင်ပါတယ်ဘုရား)၊ ဒါက တစ်နံပါတ်နော်. . . (မှန်ပါ့)။

ဘုရားမြင်မှ. . . (တရားမြင်ပါတယ်ဘုရား)၊ ဘုရားမြင်မှတရားမြင်တယ်၊ ဒါ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဒီအတိုင်းဟောတာပဲ၊ ယောစ ဝက္ကလိ ဓမ္မံ ပဿတိ သောမံ ပဿတိ။

ဝက္ကလိ - ချစ်သား ဝက္ကလိ၊ ယော - အကြင်ပုဂ္ဂိုလ်သည်၊ ဓမ္မံ - တရားကို၊ ပဿတိ - မြင်၏၊ သော - ထိုပုဂ္ဂိုလ်သည်၊ မံ - ငါဘုရားကို၊ ပဿတိ - မြင်၏။ တရားမြင်ရင် ဘုရားမြင်တယ်၊ တစ်နံပါတ်ကနော်. . . (မှန်ပါ့)။

## ဘုရားမြင်မှ တရားမြင်တယ်

နှစ်နံပါတ်က ဘယ်လိုပါလိမ့်. . . (ဘုရားမြင်မှတရားမြင်ပါတယ်ဘုရား)၊ ဘုရားမြင်လို့ရှိရင် ဘာတုံး. . . (တရားမြင်ပါတယ်ဘုရား)၊ တရားမြင်တယ်။

အင်း ဒီဥစ္စာ ဒကာ ဒကာမအတွက် ဉာဏ်ထဲဝေဖန်ကြည့်တာပေါ့။ တစ်နဲ့နှစ်ဟာ ဘယ်သူအရေးကြီးတယ်ဆိုတာ

စဉ်းစားကြည့်စမ်း. . . (တစ်က အရေးကြီးပါတယ်ဘုရား)၊ တစ်က အရေးကြီးတယ်။

တရားမြင်မှ. . . (ဘုရားမြင်တယ်)၊ ဘုရားမြင်တယ်နော်၊ နှစ်က. . . (ဘုရားမြင်မှ တရားမြင်ပါတယ်)၊ ဘုရားမြင်ပြီးမှတရားမြင်ပါတယ်. . . (မှန်ပါ့)၊ သဘောကျပလား (ကျပါတယ်ဘုရား)။

တစ်ကဘာပါလိမ့်. . . (တရားမြင်မှ ဘုရားမြင်ပါတယ်)၊ နှစ်က. . . (ဘုရားမြင်မှ တရားမြင်ပါတယ်ဘုရား)၊ အင်း မြင်ပုံချင်းတခြားစီပါလား. . . (တခြားစီပါဘုရား)။

မြင်ပုံချင်း တခြားစီဆိုတော့ ဒကာ ဒကာမတွေက စဉ်းစားရမယ်၊ သောတာပန်ဖြစ်ပြီးမှ ဘုရားကြည်ညိုတာနဲ့ ါတွေဟာ ဒီနေ့ပြောတာတွေဟာ၊ တကယ့်ချက်ကောင်းတွေချည့်ပဲလို့ အောက်မေ့လိုက်စမ်း. . . (မှန်ပါ့)။

ဦးဘကြည်. . . (မှန်ပါ့)၊ သောတာပန်ဖြစ်ပြီးမှ ဘုရားကြည်ညိုတာနဲ့ သောတာပန်မဖြစ်ခင်က ကြည်ညိုတာနဲ့ ကြည်ညိုပုံ ဘယ့်နှယ်နေကြတုံး. . . (ကွာခြားပါတယ်ဘုရား)။

ဟိုဘက်တုန်းက စလသဒ္ဓါတရား ပုထုဇဉ်တုန်းကဟုတ်လား. . . (မှန်ပါ့)၊ သောတာပန်ဖြစ်တဲ့အခါကျတော့ အစလသဒ္ဓါတရား မလာဘူးလား. . . (လာပါတယ်)။

အဲတော့ အဲ့ဒါနဲ့ပဲ ဝေဖန်ကြည့်လိုက်တော့ သိပြီ ဦးစံရှိမသိသေးဘူးလား. . . (သိပါပြီ)၊ သိနေပြီတဲ့ ပုထုဇဉ် တုန်းက ဘာသဒ္ဒါတရားတဲ့တုံး၊ စလသဒ္ဓါတရားဆိုတော့၊ စလသဒ္ဓါတရားဆိုတာ ခြေဖဝါးတစ်လှမ်း မတန်ဘူးတဲ့. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## သောတာပန်၏သဒ္ဓါတရား

ပုထုဇဉ်နော်. . . (တင်ပါ့)၊ သောတာပန်တည်ပြီးတဲ့ ပုဂ္ဂိုလ်ဘုရား ဘုရားမဟုတ်ဘူးလို့ ပြောလို့ကိုရသေးရဲ့လား (မရပါဘူး)။

သူ ဘာသဒ္ဓါတရားပါလိမ့်. . . (အစလ သဒ္ဓါတရား ပါဘုရား)၊ အစလသဒ္ဓါတရား ရှင်းကြပလား. . . (ရှင်းပါပြီ ဘုရား)။

အဲတော့ ဘာကြောင့်ထူးသတုံး အဲဒီဝေဖန်ကြည့် လိုက်ရင် ခင်ဗျားတို့ရှင်းပြီ. . . (တရားမြင်ပြီးတော့ ဘုရား မြင်ပါတယ်ဘုရား)၊ သဘောကျပလား. . . (မှန်ပါ့)။

တရားကြောင့် ခင်ဗျားတို့ မတုန်မလှုပ် ကြည်ညိုတာ . . (မှန်လှပါဘုရား)၊ သဘောကျကြပလား. . (ကျပါတယ်)၊ ဒါဖြင့် တရားသိမှ ဘုရားသိတာပေါ့. . . (မှန်ပါ့)၊ ရှင်းကြ ပလား. . . (ရှင်းပါပြီဘုရား)။

ဘာတဲ့တုံး. . (တရားသိမှ ဘုရားသိပါတယ်ဘုရား)၊ တရားသိမှ. . . (ဘုရားသိပါတယ်)၊ တရားမြင်မှ. . . (ဘုရားမြင်ပါတယ်ဘုရား)၊ ဘုရားမြင်တယ်ဆိုတဲ့ဥစ္စာ၊ ခု သက်သေသာဓကနဲ့ပြောလိုက်တဲ့အခါကျတော့ကို ဒကာ ဒကာမတွေ မရှင်းသေးဘူးလား. . . (ရှင်းပါပြီ)။

## ပုထုဇဉ်၏သဒ္ဒါတရား

ပုထုဇဉ်သဒ္ဒါတရားက ဧတ ပတ္တ ဘာဝေန နာနာလို့ ဟောလိုက်တယ်၊ ပထမခြေတစ်လှမ်းမှာတော့ ဒီ ဘုရားကြည်ညိုတာပဲ၊ နောက်တစ်လှမ်းကျရင် ပျက်ချင်ပျက်သွားမယ်။

ဒါ ဘယ်သူ့သဘောပါလိမ့်. . . (ပုထုဇဉ်ရဲ့သဘောပါဘုရား)၊ ဒါဖြင့် သဒ္ဒါခိုင်တဲ့သဘော မရှိဘူးပေါ့. . (မှန်ပါ့)၊ သောတာပန်တည်တဲ့အခါကျတော့ ဘာတုံး. . . (သဒ္ဒါခိုင်ပါတယ်ဘုရား)။

သဒ္ဒါခိုင်သွားတဲ့အတွက် ပျက်သေးရဲ့လား. . . (မပျက်ပါဘူးဘုရား)၊ ဒါဖြင့် သဒ္ဒါဆိုတာ ဘုရားလား၊ တရားလား. . . (တရားပါဘုရား)။

ကိုင်း တရားသိမှ ဒကာ ဒကာမတို့ ဘာဆိုကြမတုံး (ဘုရားသိပါတယ်ဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊

ဘာသိမှ. . . (တရားသိမှ ဘုရားသိမှာပါဘုရား)၊ နေရာကျ ပလား. . . (ကျပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ တရားသိပြီးမှ ဘုရားသိရမယ်၊ ဘုရားသိပြီးမှ တရားသိရတယ်လို့လည်း နောက်ထပ်ဆင့်ဟောတယ်. . . (မှန်လှပါဘုရား)၊ မဟော ဘူးလား. . . (ဟောပါတယ်)။

တစ်နံပါတ်ကဘာတဲ့. . . (တရားသိပြီးမှ ဘုရားသိ ပါတယ်ဘုရား)၊ တရားသိပြီးမှ ဘုရားသိတယ်၊ နှစ်နံပါတ်က ဘာတဲ့. . . (ဘုရားသိပြီးမှ တရားသိပါတယ်ဘုရား)၊ အင်း နှစ်နံပါတ်ကလည်း ဘုရားသိပြီးမှ တရားသိရတယ်ဆိုတော့ ဘုရားသည်ကားလို့ဆိုလို့ရှိရင် တစ်ခါစဉ်းစား သူတစ်ပါးနဲ့ တူ၊ မတူ. . . (မတူပါဘုရား)။

## အတုမရှိတဲ့ဘုရား

ဒါဖြင့် သူ အတုမရှိပေါ့. . . (မှန်ပါ့)၊ ဟုတ်လား. . . (တင်ပါ့)၊ အတုမရှိဆိုရင် ပုဂ္ဂိုလ်သတ္တဝါတွေ ဝိုင်းမလား၊ မဝိုင်းဘူးလားလို့စဉ်းစားကြည့်. . . (ဝိုင်းပါတယ်ဘုရား)။

ဝိုင်းရမှာပဲ ဦးစံရီရဲ့ လူထူးတစ်ယောက်ကို. . . (မှန် ပါ့)၊ ဦးဘကြည် ဘယ့်နှယ်ဆိုမယ်. . . (လူထူးတစ်ယောက်ပါ ဘုရား)၊ လူထူးတစ်ယောက်ဆိုတော့ ဝိုင်းကြမယ်ဆိုတာ မရှိ ပေဘူးလား. . . (ရှိပါတယ်ဘုရား)။

သာမန်လူစားဆိုလို့ရှိရင် ဘယ်သူဝိုင်းမတုံး. . . (မဝိုင်းပါဘူးဘုရား)၊ ဘယ်သူမှဝိုင်းပြီးကြည့်ကြ၊ ရှုကြမယ်လို့ဆိုနိုင်စရာ မြင်ကြရဲ့လား. . . (မမြင်ပါဘူးဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ လူထူးမို့ဝိုင်းတယ်၊ ဝိုင်းတဲ့အခါကျမှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလည်း၊ သုဂုဏ်ပုဒ်တွေနဲ့ တရားတော်တွေမဟောဘူးလား. . . (ဟောပါတယ်ဘုရား)။

## ဘုရားမြင်ပြီးမှ တရားမြင်ကြတယ်

အဲ့ဒီကျတော့ ဘယ်နဲ့ဆိုကြမတုံး. . (ဘုရားမြင်ပြီးမှတရားမြင်ပါတယ်ဘုရား)၊ ဘုရားမြင်ပြီးမှ တရားမြင်ရရှာတယ်. . . (မှန်ပါ့)၊ ဘုရားတွေ့ပြီးမှ. . (တရားတွေ့ပါတယ်)။

ဒါဖြင့် ဒကာ ဒကာမတို့စဉ်းစားပါတော့တဲ့၊ ဒီနှစ်ခုသည် ဘယ်လိုများထူးခြားပါလိမ့်မတုံးဆိုတော့ဖြင့်၊ အဓိပ္ပါယ်လည်း ထူးခြားနေတယ်။

## အကောင်းဆုံးက အလယ်မှာထားရမယ်

သို့သော် အကောင်းဆုံးဝေဖန်ဖို့ကတော့ဖြင့် အလယ်ကြားမှာထားရလိမ့်မယ်၊ ဦးစံရီထားရလိမ့်မယ်နော်. . . (မှန်ပါ့)။

တစ်နံပါတ်က ဘာတဲ့. . . (တရားမြင်မှ ဘုရားမြင်ပါတယ်ဘုရား)၊ အင်း သူက တရားသိပြီးမှ ဘုရားသိတယ်၊ ဘာအကိုးအကားထားလိုက်သလဲ. . . (သောတာပန်တည်ပြီးမှပါဘုရား)၊ သောတာပန်တည်ပြီးမှ၊ တရားအထွတ်အထိပ်ရောက်မှ ဘုရားကြည်ညိုတာမြဲတယ်. . . (မှန်ပါ့)။

တရားအထွတ်အထိပ်မရောက်သေးရင်. . . (မမြဲသေးပါဘူးဘုရား)၊ ဒါက ဘာတုံး. . . (တရားသိမှ ဘုရားသိတာပါဘုရား)၊ တရားသိပြီးမှ ဘုရားသိတယ်ဆိုတာ ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

## ဒီတရား ကြပ်ကြပ်သတိထားပါ

ဒီနေ့တရားမှာ ကြပ်ကြပ်သတိထားပါ၊ အားလုံးယောင်တတ်တာတွေကို အကုန်ရှင်းပေးနေတာ၊ အားလုံးယောင်တတ်တာတွေကို အကုန်ရှင်းပေးနေတာ၊ ခင်ဗျားတို့ဂရုစိုက်ပြီးသကာလ မှတ်ကြပါလို့ သတိပေးလိုက်တယ်။

နောက် ဒုတိယအချက်ကဘာတဲ့. . . (ဘုရားမြင်မှ တရားမြင်ပါတယ်ဘုရား)၊ ကောင်းပြီ၊ ဘုရားမြင်ပြီးမှ တရားမြင်တယ်လို့ဆိုတော့ ဘုရားလူထူးမို့ ဝိုင်းကြတာ. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ဝိုင်းလာတဲ့အခါကျရင် ပရိသတ်စုရသေးလား. . . (မစုရပါဘူးဘုရား)၊ မစုရသေးတဲ့အတွက် ဒီပုဂ္ဂိုလ်တွေမှာ ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်တွေ ဘုရားဟောလိုက်တော့ မကျွတ်လား. . . (ကျွတ်ပါတယ်ဘုရား)။

## ဝိပဿနာက ရှေ့

ဒါကျတော့ ဘယ်နဲ့ဆိုကြမတုံး. . . (ဘုရားသိပြီးမှ တရားသိပါတယ်ဘုရား)၊ ဒါဖြင့် ဒီလိုယူကြ၊ ခင်ဗျားတို့ ဒီထဲက ဝိပဿနာက ရှေ့နော်. . . (မှန်ပါ့)၊ သမထက. . . (နောက်ပါဘုရား)။

ဒီကျတော့. . . (ဝိပဿနာကရှေ့၊ သမထက နောက်ပါဘုရား)၊ သေချာဖြေ၊ သေချာဖြေ၊ ယီးတီးယားတား နဲ့မရဘူး. . . (သမထကရှေ့၊ ဝိပဿနာက နောက်ပါဘုရား)၊ သမထကရှေ့၊ ဝိပဿနာက နောက် ဒါပဲကွာတယ်. . . (မှန်ပါ့)။

## သမထက ရှေ့

ဒါပဲကွာတယ် ဒကာ ဒကာမတို့၊ ဒီတုန်းကဘာတုံး (ဝိပဿနာကရှေ့၊ သမထကနောက်ပါဘုရား)၊ ဒီကျတော့

(သမထကရှေ့၊ ဝိပဿနာကနောက်ပါဘုရား)၊ ဝိပဿနာက နောက်အဲ့တော့ သမထ ဝိပဿနာချည့်တွဲသွားရတာချည့်ပဲ ဆိုတာ ယုံကြည်ပလား. . . (ယုံကြည်ပါပြီဘုရား)။

## အတူတူပဲမှတ်ပါ

အတူတူပဲလို့ မှတ်ရတယ်. . . (မှန်ပါ့)၊ သမထ ဝိပဿနာကင်းရင် ဘယ်သူမှ နိဗ္ဗာန်မရောက်ဘူး. . . သဘောကျပလား. . . (ကျပါပြီဘုရား)။

မဂ္ဂင်မှာဝေဖန်ကြည့်လိုက်၊ ဝိပဿနာမဂ္ဂင်က ဘယ်နှစ်ပါးတုံး၊ နှစ်ပါး၊ သဘောကျပလား၊ ဝိပဿနာမဂ္ဂင်က ဘယ်လောက်ပါလိမ့်. . . (နှစ်ပါးပါဘုရား)၊ သမထမဂ္ဂင်က. (သုံးပါးပါဘုရား)၊ သူတို့မပါပဲနဲ့ ခင်ဗျားတို့ နိဗ္ဗာန်ရောက်တဲ့ ပုဂ္ဂိုလ်များ တွေ့ဖူးရဲ့လား. . . (မတွေ့ဖူးပါဘုရား)၊ ရှင်းသေးဘူးလား. . . (ရှင်းပါတယ်ဘုရား)၊ ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့ဉာဏ်ထဲမှာ ဆုံးဖြတ်ချက်ကျပလားလို့ မေးလိုက်တယ်. . . (ကျပါတယ်ဘုရား)၊ ဘုန်းကြီးတို့ကတော့ ကျလို့ပြောတာ. . . (မှန်ပါ့)၊ ခင်ဗျားတို့မကျမှာစိုးရိမ်တယ်။

ကဲ ဦးစံရီတို့ မောင်ကိုတို့ သဘောကျပလားကွ. . . (ကျပါတယ်ဘုရား)၊ ပထမဟာက ဘာတဲ့. . . (ဝိပဿနာ

ကရှေ့ သမထက နောက်ပါဘုရား)၊ နောက်ဟာက. . . (သမထက ရှေ့၊ ဝိပဿနာက နောက်ပါဘုရား)။

## ဝိပဿနာရှေ့ထားတဲ့ပုဂ္ဂိုလ်

ဒါဖြင့် တချို့ သုက္ခဝိပဿက ပုဂ္ဂိုလ်လို့ဆိုတော့ ဝိပဿနာရှေ့၊ တချို့ ဒဠှတာရီပုဂ္ဂိုလ်ဆိုတော့၊ ပဋိသမ္ဘိဒါပတ္တ ဆိုတော့ သမထက ရှေ့၊ ဝိပဿနာက နောက်ဆိုတော့ အတူ တူပဲတဲ့ ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

သုက္ခဝိပဿက ပုဂ္ဂိုလ်ဆိုတော့ ရှင်အာနန္ဒာတို့လို ပေါ့လေ. . . (မှန်ပါ့)၊ သောတာပန်တော့ တည်ပြီးသားပဲ. . (တင်ပါ့၊ ဘာပြုလို့တုံးဆိုရင် စျာန်ခြောက်နေတယ်၊ စျာန်မရှိ ဘူး သူ့မှာ. . . (တင်ပါ့)၊ ပေါ်လာကြပလား. . . (ပေါ်ပါပြီ ဘုရား)။

သူဘာနဲ့တက်လှမ်းလာတုံးဆိုတော့၊ ဝိပဿနာချည့် သက်သက်နဲ့တက်လာတယ် သဘောကျပလား. . . (မှန်ပါ့)၊ ကောင်းပြီ တစ်ချက် တစ်ချက် ရှင်သာရိပုတ္တရာတို့၊ ရှင်မောဂ္ဂလာန်တို့ကျတော့ ဘာနဲ့တက်တာတုံး. . (သမထ နဲ့တက်ပါတယ်ဘုရား)။

## သမထရှေ့ထားတဲ့ပုဂ္ဂိုလ်

သမထရှေ့ထားပြီး ဝိပဿနာနောက်ထားတတ်တယ်၊ သူတို့ကျတော့ကို သမထက ရှေ့၊ ဝိပဿနာက နောက်၊ ဒါဖြင့် ဒကာ ဒကာမတို့ ဒီဟာလေးကပဲ ထူးခြားတယ်လို့ ခင်ဗျားတို့မှတ်ထားလို့ရှိရင်ဖြင့် ဘုရားပယ်၊ တရားပယ်စရာများ လိုသေးသလား. . . (မလိုတော့ပါဘူးဘုရား)။

ဒီ သမထ ဝိပဿနာမကွဲကြလို့ တချို့က ဘုရားပယ်ပြီး တရားဆက်တယ်၊ တချို့ကျတော့လည်း ဘုရားဖက်တာနဲ့ တရားပယ်ချင် ပယ်ချတယ်. . . (မှန်ပါ့)၊ ဆိုတာ ဤကဲ့သို့ဝေဖန်မှုမှာ ဦးစံရီ မရှင်းလို့မှတ်ရမယ်. . . (မရှင်းလို့ပါဘုရား)၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ခုတော့ ဘယ့်နှယ်နေကြတုံး. . . (ရှင်းပါတယ်)၊ ဘယ်လိုရှင်းတာတုံး. . . (ရှေ့နဲ့နောက်နဲ့)၊ ရှေ့နဲ့နောက်နဲ့ပဲ ကွာတယ်၊ နို့ ဘုရားက ပုဂ္ဂိုလ်အချိုးအစားနှစ်မျိုးရှိတယ်လို့ မဟောခဲ့ဘူးလား. . . (ဟောပါတယ်)။

## သုက္ခဝိပဿကပုဂ္ဂိုလ်

သုက္ခဝိပဿကပုဂ္ဂိုလ်ဆိုတော့ ဈာန်ခြောက်တယ်ကွ ဈာန်မရှိဘူး ဟုတ်လား၊ အဘိညာဉ်ရတဲ့ပုဂ္ဂိုလ်တွေ၊

အဘိညာဉ်ရတဲ့ပုဂ္ဂိုလ်တွေကျတော့၊ ဈာန်လမ်းကထိုးတက်လာတာကွ၊ ဈာန်ရတာက အရင်၊ ဝိပဿနာက နောက်တဲ့၊ သဘောကျပလား. . . (ကျပါတယ်)။

အဲ့တော့ သမထက ရှေ့၊ ဝိပဿနာက နောက်၊ ထို့အတူ ဝိပဿနာကဘာတုံး. . (ရှေ့)၊ သမထက. . (နောက်)၊ ဝိပဿနာအားထုတ်ပြီး ရဟန္တာဖြစ်မှ ဈာန်ရအောင်ကြိုးစားတော့လည်း ရသေးတဲ့ပုဂ္ဂိုလ်တွေက တစ်ပုံကြီးပဲ. . . (မှန်လှပါ)၊ ပေါ်လာကြပလား. . . (ပေါ်လာပါပြီဘုရား)။

## ဗုဒ္ဓနုဿတိကိုယူပါ

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေသည် ဘုရားကောပယ်စရာလိုသေးလား. . . (မလိုပါဘူးဘုရား)၊ တရားကော. . . (မလိုပါဘူးဘုရား)။

အဲဒါ ခင်ဗျားတို့အထည်ကြီးယူနေရင်တော့ လွဲလိမ့်မယ်. . . (တင်ပါ့)၊ သမထနဲ့ ဝိပဿနာယူရင် မလွဲဘူး. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ အထည့်ချည့်ယူရင်တော့. . . (လွဲမယ်)။

ခင်ဗျားတို့က ဘုရားပယ်တယ်ဆိုတော့၊ ခင်ဗျားတို့က အထည်ကြီးလို့ယူထားတော့၊ ဗုဒ္ဓနုဿတိကို မယူတဲ့အတွက်၊ အမှားက အမှားကြီးသွားတယ်. . . (မှန်ပါ့)။

ခုတော့ ဗုဒ္ဓနုဿတိယူလိုက်တဲ့အတွက် မမှန်ဘူးလား. . . (မှန်ပါတယ်ဘုရား)၊ စင်စစ်ကျတော့ ဗုဒ္ဓနုဿတိပဲမဟုတ်လား. . . (မှန်ပါ့)၊ သဘောကျပလား. . (မှန်လှပါ)။

ဒါဖြင့် ဒီဥစ္စာက ကြားဖြတ်ဟောတဲ့တရားလို့ မှတ်စမ်းပါ. . . (မှန်ပါ့)၊ ဘာတရားပါလိမ့်. . . (ကြားဖြတ်ဟောတဲ့တရာပါဘုရား)၊ ကြားဖြတ်ဟောတဲ့တရားလို့ မှတ်ထားလိုက်တော့၊ ဝက္ကလိကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးဘယ်ဟာအဓိကထားဟောပါလိမ့်မတုံးလို့မေးတော့၊ ဝက္ကလိက ဒီအချိန်မှာ ဘာဖြစ်နေတုံးဆိုတော့ ရောဂါဝေဒနာစွဲနေတဲ့ပုဂ္ဂိုလ်. . . (တင်ပါ့)။

ဈာန်မပါဘူး သူ့မှာ. . . (တင်ပါ့ဘုရား)၊ ပါရဲ့လား. . . (မပါ ပါဘူး)၊ အဲ့တော့ သူက အရေးကြီးတာက ဝက္ကလိကဈာန်ပေါ်မှာအရေးကြီးနေတယ်. . . (မှန်လှပါ)၊ ဘုရားကိုမဖူးတွေ့ရတဲ့အတွက် တပည့်တော်စိတ်မချမ်းသာဘူး၊ သို့သော် သမထအရေးကြီးနေတယ်. . . (သမထ အရေးကြီးနေပါတယ်)၊ သဘောကျပလား. . . (မှန်ပါ့)။

## ဘုရားက ဘာနဲ့ကယ်တင်လိုက်သလဲ

ဝက္ကလိက ဘာအရေးကြီးနေပါလိမ့်. . . (သမထအရေးကြီးနေပါတယ်ဘုရား)၊ သမထအရေးကြီးနေတော့

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက၊ သေခါနီးကို သမထက သေခါနီးမှ စတည်ရမယ်ဆို ဦးစံရီရေ သေရုံပဲ. . . (တင်ပါ့)၊ ရမှာမဟုတ်ဘူး. . . (တင်ပါ့)။

ရစရာမြင်သေးရဲ့လား. . . (မမြင်ပါဘူး)၊ အဲ့တော့ ဘုရားသည် ဘယ်ဟာနဲ့ကယ်တင်လိုက်သလဲဆိုတာ ခင်ဗျား တို့ပဲ ဝေဖန်ကြည့်ပါ. . . (ဝိပဿနာနဲ့ ကယ်တင်ပါတယ် ဘုရား)၊ ဒါနဲ့ပယ်ချလိုက်တယ်။

ငါတည်းဟူသော အသုဘအကောင်ကြီး မင်းက မဖူးရလို့ မင်းနှလုံးမသာယာခြင်းဖြစ်တာကွာ၊ တော်စမ်းပါ၊ ဒီစကားမသုံးပါနဲ့၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

အရေးကြီးတာက တရားသိမှ ဘုရားသိတာပါကွ . . . (တင်ပါ့)၊ တရားအရေးကြီးစမ်းပါ၊ မဟောထိုက်ဘူး လား၊ ဟောထိုက်လား. . . (ဟောထိုက်ပါတယ်ဘုရား)၊ ခဏနေ သေတော့မှာမင်းက မနေ့က အသေခန်းကိုဟော တယ်. . . (မှန်ပါ့)၊ ဒီနေ့ အရှင်ခန်းကိုဟောနေတာ. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ခဏနေ သူဘာဖြစ်တော့မယ်ထင်တုံး. . . (သေ တော့မှာပါဘုရား)၊ ခဏနေ သေတော့မယ်နော်၊ အဲ့တာ သမထ မှတည်ပြီးသကာလ ဟောနေမယ်ဆိုရင် ဦးခင်မောင် တို့ ပြီးပါဦးမလား. . . (မပြီးပါဘူးဘုရား)။

## သေခါနီးမို့လို့ အဖိုးတန်တာယူသွားပါ

သာသနာတွင်းကြုံတော့ သာသနာပတရားနဲ့ လမ်းဆုံးမသွားပေဘူးလား. . . (ဆုံးသွားပါတယ်ဘုရား)၊ အင်မတန် နစ်နာမှုနဲ့မကြုံပေဘူးလား. . . (ကြုံပါတယ် ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့၊ ဝက္ကလိကို ဘုရားမကြည်ညိုနဲ့ဆိုတဲ့စိတ်ထား ဘုရား၏အာဘော်ကော ပေါ်ပလား. . . (ပေါ်ပါပြီ)၊ သေခါနီးမို့ အဖိုးတန်တာကို ယူသွားပါ၊ အဖိုးမတန်တာနဲ့ အချိန်မကုန်ပါစေနဲ့၊ ဇာဂ်သုတ် ကျတော့ သေခါနီးဟောတဲ့တရားမဟုတ်ဘူး. . . (မှန်ပါ့)။

သိကြားမင်း ကြောက်လို့ရှိရင် ငါ့ဘုရားအောက်မေ့ ကွ၊ သဘောကျပလား. . . (မှန်လှပါ)၊ ငါ့တရားတော် အောက်မေ့ကွ၊ ငါ၏ ဂုဏ်တွေကော. . . (အောက်မေ့ပါ)။

ကြောက်ခြင်း၊ လန့်ခြင်ဖြစ်မယ်ဆိုရင် ဒါတွေဟာ အောက်မေ့ကွဆိုတော့ ဟော ဒီတစ်ကြိမ် ပြန်ဟောရတာကိုး ဗျ . . . (မှန်ပါ့)၊ ရိပ်မိပလား. . . (မှန်ပါ့)။

## သေခါနီး ဘယ်တရားအကောင်းဆုံးတုံး

ဒီက သေခါနီးဟောရတာ. . . (မှန်လှပါ)၊ ဒါဖြင့် အားလုံး ဒကာ ဒကာမတွေ သေခါနီးတရား ဘယ်ဟာ

အကောင်းဆုံးတုံး. . . (ဝိပဿနာတရားပါဘုရား)။

အား. . ငါဖြင့် အသက်ရှည်ကောင်းရှည်ပါလိမ့်ဦး မယ်ဆိုရင်ဖြင့်၊ သမထနဲ့ ဝိပဿနာတွဲလွှတ် ရှင်းပလား. . . (မှန်ပါ့)။

သေခါကလည်း နီးထင်ပါရဲ့ဆိုရင် ဝိပဿနာဖိလုပ် . . . (မှန်လှပါ)၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ကိုင်း ဒါဖြင့် ဒီဟာကို အသေအချာစဉ်းစားလိုက် တော့၊ ခု ဝက္ကလိသည် သူ ဘုရားကိုမကြည်ညိုဘူးလား၊ ကြည်ညိုလားမေးတော့ ကြည်ညိုရင်းစွဲပဲတဲ့၊ ကြည်ညိုလျက် ပါပဲ။

သို့သော် သူသည် ဘာအားထုတ်မှုပိုသွားတုံး. . . (ဝိပဿနာအားထုတ်မှု ပိုသွားပါတယ်ဘုရား)၊ ဝိပဿနာ အားထုတ်မှုပိုသွားတယ်၊ ဘုရားက ငါ့ဖူးနေသဖြင့် ဘာကျေး ဇူးရှိရမှာတုံးကွ။

ဦးဘအုန်းရေ စာအုပ်ကြီးနဲ့လည်း မလွဲနဲ့ဦးနော်. . . ကောင်းပြီ၊ ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် သေခါနီးဟောရမဲ့ တရားဖြစ်လေသောကြောင့် ဘာအဓိက ထားဟောပါလိမ့် (ဝိပဿနာအဓိကထားဟောပါတယ် ဘုရား)။

## ဝိပဿနာဟောပြီ

အေး တရားသိမှ ဘုရားသိမယ်ကွ၊ တရားမသိသေး လို့ရှိရင် ဘုရားသိဖို့အရေးဟာ အတော်ကွာဝေးတယ်ကွ၊ ဘုရားပဲမပယ်ဘူးလားဗျာ. . . (ပယ်ပါတယ်ဘုရား)။

ပယ်ပြီးသကာလ ပယ်ပုံကို ဘုန်းကြီး အသေအချာ ရှင်းပြမယ်၊ အဲဒါတွေလည်း ပြောပြီးရော ဒကာ ဒကာမတို့ တစ်ခါတည်း သူ့ခန္ဓာကိုယ်မှာ ခန္ဓာငါးပါးပြတဲ့ပြီးတော့ ဟော တော့တာပဲ။

ဒါ ဘာဟောမယ်လို့ထင်တုံး၊ ခန္ဓာငါးပါးကို ပြက တည်းကိုက. . . (ဝိပဿနာပါဘုရား)၊ ဒီစကားလည်းပြီးရော ဦးစံရီ သူတို့ အနိစ္စလား နိစ္စလား မေးတော့တာပဲ. . (မှန်ပါ)။

အဲ့ဒီလို ဘုရားကမေးလိုက်တယ်၊ အဲတော့ ဝက္ကလိကို မေးလိုက်တယ်ဆိုတော့ ဒကာ ဒကာမတွေလည်း ဘုန်းကြီး တို့က ဘုရား၏ကိုယ်စားလှယ်လုပ်ပြီးတော့ မေးတာပဲ။

## ဝေဒနာသုံးပါးဟာ နိစ္စလား၊ အနိစ္စလား

ဝေဒနာသုံးပါးဟာ နိစ္စလား၊ အနိစ္စလား. . . (အနိစ္စ ပါဘုရား)၊ အဲဒီအနိစ္စဖြစ်တဲ့ ဝေဒနာသုံးပါးဟာ ဒုက္ခလား၊ သုခလား. . . (ဒုက္ခပါဘုရား)။

အဲ့ဒီ အနိစ္စ၊ ဒုက္ခဖြစ်တဲ့တရားသည် ဝိပရိနာမ သဘောရှိ မရှိ. . . (ရှိပါတယ်)၊ အဲဒီ ဝိပရိနာမသဘောရှိတဲ့တရားကို ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာလို့ ခေါ်နိုင်ကြရဲ့လား . . . (မခေါ်နိုင်ပါဘူး)။

ဘာဖြစ်လို့မခေါ်နိုင်တုံး၊ ဘယ့်နှယ်ကြောင့်မခေါ်နိုင်ပါလိမ့်. . . (ဖောက်ပြန်ပျက်စီးလို့ပါဘုရား)၊ ဖောက်ပြန်ပျက်စီးလို့ ဘာကြောင့်တုံးဆိုလို့ရှိရင်ဖြင့်၊ မရှိမှု မရှိတာကြီးပဲ ဟုတ်လား ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာလို့ ဆိုနိုင်ကြရဲ့လား. . . (မဆိုနိုင်ပါဘူး)။

အဲတော့ မရှိလို့ကို မဆိုနိုင်တာ၊ ဘယ်လိုကြောင့် မဆိုနိုင်တာပါလိမ့်. . . (မရှိလို့ပါဘုရား)၊ မရှိလို့မဆိုနိုင်တာ ဆိုတာ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

အဲဒီကဲ့သို့ ခန္ဓာငါးပါးကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ဝေဒနာကိုလည်း ဟော ရုပ်ကိုလည်း ဟောပြီး အကုန်ဟောတော့တာပေါ့လေ၊ ဟောပြီးသကာလ ဘုရားသခင်ကိုယ်တော်မြတ်ကြီးလည်း ကျောင်းတော်ပြန်တယ် ဆိုတော့။

## ဘုရားက ဝိပဿနာဟောပြီးပြန်ကြွတယ်

ဘုရားကျောင်းတော်ပြန်တော့ ဘာဟောပြန်ပါလိမ့်

မတုံးလို့ ခင်ဗျားတိုက ဝေဖန်၊ ဝိပဿနာဟောပြန်တယ်နော်၊ ခန္ဓာငါးပါးတော့ ဟုတ်တာပေါ့. . . (ဝိပဿနာဟောပြန်ပါတယ်)။

သမထဟောပြန်လား၊ ဝိပဿနာဟောပြန်လား. . . (ဝိပဿနာဟောပြန်ပါတယ်ဘုရား)၊ ပထမတုန်းက ဝက္ကလိဝမ်းနည်းတဲ့အကြောင်းပြောတုန်းက ဘုရားက မပယ်လိုက်ဘူးလား. . . (ပယ်ပါတယ်ဘုရား)။

တပည့်တော် ကိုယ့်သီလကိုလည်း ကိုယ်သံသယမရှိပါဘူးဘုရား၊ သို့သော် အရှင်ဘုရား၊ ဖူးချင်ပြန် ဖူးတွေ့ချင်တာ တပည့်တော် အဲ့ဒီသံသယ ကုက္ကုစ္စရှိတယ်၊ ဝက္ကလိကမလျှောက်ဘူးလား. . . (လျှောက်ပါတယ်ဘုရား)။

အိုး ဝက္ကလိ၊ ဒါ သာမညဟာတွေက ဟုတ်လား . . . (မှန်ပါ့)၊ အလံတေ ဝက္ကလိ၊ ဝက္ကလိ-ဝက္ကလိ၊ အလံ-တော်လောက်ပြီ၊ မင်းပြောတဲ့စကား ရှေ့မဆက်နဲ့တော့တော်လောက်ပြီ၊ ဒီလိုကိုပယ်ချလိုက်တယ် ဟုတ်လား။

ဒီအကောင်ပုပ်ကြီး ဖူးနေသဖြင့် မင်းဘာအကျိုးရှိရမှာတုံး. . . (မှန်ပါ့)၊ ဟုတ်လား၊ တရားသိမှ ဘုရားသိတယ်ကွဆိုပြီး တရားအားထုတ်လာတာ၊ မထုတ်ဘူးလား၊ ထုတ်လား. . . (ထုတ်ပါတယ်ဘုရား)။

အဲ့ဒီလို အဆက်တွေကိုလည်း သိမှ ဒကာ ဒကာမ

တွေ့ရှင်းမယ်နော်. . . (မှန်ပါ့)၊ အဆက်တွေမသိရင်. . . (မရှင်းပါဘူးဘုရား)၊ အဆက်တွေမသိလို့ရှိရင်ဖြင့် ရှင်းကို မရှင်းဘူးဆိုတာဖြင့် ကျေကျေနပ်နပ်သဘောကျကြပါ. . . (မှန်ပါ့)။

ကောင်းပြီ၊ ဒါဖြင့် ဘုရား အခုဝိပဿနာတွေဟော ပြီး ကျောင်းတော်ကြွတယ်. . . (မှန်ပါ့)၊ ကျောင်းတော်မကြွ ဘူး၊ ဂိစ္ဈကုဋ်တောင်ပေါ် ဒီနေ့နေမယ်ဆိုပြီးသကာလ ကြွ သွားတယ်။

## ဂိစ္ဈကုဋ်တောင်ပေါ် ကြွသွားတယ်

ဂိစ္ဈကုဋ်တောင်ပေါ် ကြွပြီးသကာလ သွားတဲ့အခါ၊ ဝက္ကလိသည်ကားလို့ဆိုလို့ရှိရင်ဖြင့်၊ ဒီဟာ နှလုံးသွင်းတာပဲ ဒကာ ဒကာမတို့၊ ခုနက ဘုရားဟောသွားတဲ့ လက္ခဏာရေး သုံးပါးပေါ့ဗျာ. . . (မှန်ပါ့)။

မသွင်းပေဘူးလား. . . (သွင်းပါတယ်ဘုရား)၊ သွင်း တဲ့အခါမှာ သူ့စိတ်ထဲမှာ ထည့်ရတဲ့အမိပ္ပါယ်ကတော့ ဒကာ ဒကာမတွေ မနေ့ကပြောတယ်နော်၊ ဩော် ဒုက္ခဖြစ်တဲ့ တရား ဆိုလည်း သူပဲ အနိစ္စဖြစ်တဲ့ တရားဆိုတာလည်း ဝေဒနာဖြင့် ဝေဒနာပဲနော် ဒကာ ဒကာမတို့. . . (မှန်လှပါ)။

ဒုက္ခဖြစ်တဲ့တရားဆိုတာကော. . . (ဝေဒနာပါဘုရား)၊ ဝေဒနာဖြင့် ဝေဒနာပေ့ါဗျ၊ ဟုတ်ဘူးလား၊ ဝေဒနာရှုတဲ့ပုဂ္ဂိုလ်ဒုက္ခဆိုတာလည်း ဝေဒနာပဲ၊ တစ်ခါဖောက်ပြန်ပျက်စီးပါတယ်ဆိုတာကော. . . (ဝေဒနာပါဘုရား)။

အဲ့ဒါကို ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာလို့ ဆိုလို့ရရဲ့လား . . . (မရပါဘူးဘုရား)၊ မရတာ ဘယ်လိုကြောင့် မရပါလိမ့် မတုံးလို့မေးတဲ့အခါကျတော့ ဒကာ ဒကာမတွေ ချုပ်ပျောက်၊ ချုပ်ပျောက်သွားတော့ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာလို့ ဆိုနိုင်သေးရဲ့လား. . . (မဆိုနိုင်ပါဘူး)။

## ချုပ်ပျောက်တာမြင်မှ အမြင်မှန်

ဒါဖြင့် ဝိပဿနာရှုတဲ့ပုဂ္ဂိုလ် ဘာမြင်ရမလဲဆိုတာ ယနေ့ရှင်းပြ၊ ချုပ်ပျောက်တာမြင်ရမယ်၊ ဘာမြင်ရမတုံး. . . (ချုပ်ပျောက်တာမြင်ရပါတယ်ဘုရား)။

ဒကာ ဒကာမတို့ ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်သည် အမြင်မှန်ဆိုတာ ဘာပါလိမ့်. . . (ချုပ်ပျောက်တာပါဘုရား)၊ ချုပ်ပျောက်တာ. . . (မှန်ပါ့)။

ချုပ်ပျောက်တာဆိုတာ ဒကာ ဒကာမတို့၊ ကိုယ့်ရှေ့တင် နဂိုကဒီနေရာမှာတင် ရှိတယ်လို့ထင်ရတယ်၊ ကိုယ်သေသေချာချာစုံစမ်းတဲ့အခါ မရှိတာတွေ့ရတယ်. . (မှန်ပါ့)။

နဂိုက ရှိတယ်ထင်တယ်. . . (မှန်ပါ့)၊ နာမ်ဘက်က နော်. . . (မှန်ပါ့)၊ သေချာစုံစမ်းတော့. . . (မရှိပါဘူးဘုရား)၊ ကိုင်း ချုပ်ပျောက်သွားလို့. . . (မှန်ပါ့)။

နဂိုတုန်းကတော့ ဘယ်လိုထင်ကြတုံး. . . (ရှိတယ်လို့ထင်ပါတယ်ဘုရား)၊ ရှိတယ်လို့ထင်ရတယ်၊ အဲ့တာ ရှိတယ်လို့ထင်ရဆိုတော့၊ ထင်ဆိုတဲ့စကားလေးက ဦးစံရီတို့ တော်တော်ကပ်တဲ့စကားပဲ. . . (မှန်ပါ့)။

မဆိုထိုက်ဘူးလား. . . (ဆိုထိုက်ပါတယ်ဘုရား)၊ ဦးဘတင်. . . (ဆိုထိုက်ပါတယ်ဘုရား)၊ ထင်ရတယ်ဆိုတဲ့ ဥစ္စာ ဘာကြောင့်တုံးလို့ဆိုလို့ရှိရင်ဖြင့်၊ နောက်စိတ်ကမပေါ်သေးတော့၊ ဒကာ ဒကာမတွေ သူ့ဟာသူ ဝေဒနာလေးက ခန္ဓာထဲ ဖြစ်နေတာပဲရှိတယ်. . . (မှန်ပါ့)။

## ဖြစ်လို့သာပျက်တာပဲ

နောက်ရှုမဲ့စိတ်က ပေါ်ရမလား သူဖြစ်နေတုန်း. . . (မပေါ်ရသေးပါဘူးဘုရား)၊ မပေါ်ရသေးတော့ အင်း နောက်ပျက်သွားတယ်၊ ပျက်သွားတော့ အင်း အရင်တုန်းက ဒီနေရာမှာဖြစ်လို့သာပျက်တာပဲဆိုတော့၊ ဖြစ်လို့သာပျက်တာပဲဆိုတော့ ထင်ရတဲ့အမိပ္ပါယ်ဟာ မသေချာသေးဘူးလား. . . (သေချာပါတယ်ဘုရား)။

ဖြစ်လို့သာပျက်တာပဲ. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ မဖြစ်ရင်. . . (မပျက်ပါဘူးဘုရား)၊ သဘောကျပလား. . . (ကျပါပြီဘုရား)၊ ကျေနပ်ကြပလား . . . (ကျေနပ်ပါပြီဘုရား)။

အဘယ်ကြောင့် ကျေနပ်ရပါတုံးဆိုတော့ ရမ်းကျေနပ်လို့မဖြစ်ပါဘူး. . . (မှန်ပါ့)၊ ရမ်းကျေနပ်လို့ မဖြစ်ပါဘူး ဒကာ ဒကာမတို့ ဒါရှင်းအောင်ပြောပါဦးမယ်။

## နာမ် နာမ်ချင်းရှုတယ်ဆိုတာ

နာမ် နာမ်ချင်းရှုတဲ့နေရာမှာ နာမ်နှစ်ခုပြိုင်ကောင်းရဲ့လား. . . (မပြိုင်ကောင်းပါဘူး)၊ နာမ်နှစ်ခုမပြိုင်ကောင်းတော့ကို အရင်နာမ်ဖြစ်နေတော့ နောက်နာမ် အရှုနာမ်သည် ဖြစ်ပါ့မလား. . . (မဖြစ်ပါဘူးဘုရား)။

ဒါဖြင့် အရင်နာမ်ဖြစ်ပြီး ပျက်သွားပြီးမှ နောက်နာမ် မပေါ်ဘူးလား. . . (ပေါ်ပါတယ်ဘုရား)၊ ပေါ်တဲ့အခါကျတော့ ဩော်- ချုပ်ပျောက်သွားတာဟာ ဘယ့်နှယ်ကြောင့် ချုပ်ပျောက်သွားပါလိမ့်မတုံးလို့ဆိုလို့ရှိရင်ဖြင့်၊ ဒကာ ဒကာမတွေ ရှိရာကနေ ချုပ်ပျောက်သွားတယ်ဆိုတဲ့အဓိပ္ပါယ်မရဘူးလား . . . (ရပါတယ်ဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဝိပဿနာရှုတိုင်း ရှုတိုင်း ချုပ်ပျောက်သွားတာလေးကို ချုပ်ပျောက်သွားပြီ၊ ချုပ်ပျောက်သွားပြီလို့ ဆုံးဖြတ်ချက်ချနိုင်အောင် ရှုပါ၊ ဝေဒနာရှုလို့ရှိရင် . , . (မှန်လှပါ)။

စိတ်ကို ရှုရင်ကော. . . (ဒီအတိုင်းရှုရမှာပါဘုရား)၊ ဒီအတိုင်းပဲ သညာတို့ ဘာတို့ရှုရင်ကော. . . (ဒီအတိုင်း ရှုရမှာပါဘုရား)။

## ချုပ်ပျောက်သွားပြီလို့သိပေး

သို့သော် ဗျာမများပါနဲ့တော့၊ ဝေဒနာတစ်လုံးတည်း ရှုလိုက်ပါ၊ ချုပ်ပျောက်သွားပြီ၊ ချုပ်ပျောက်သွားပြီလို့ ခင်ဗျားတို့ နောက်စိတ်က သိသိပေး သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ရှေ့က ချုပ်ပျောက်သွားပြီ၊ နောက်ကသိလိုက်ပြီ၊ ရှေ့ကဘာပါလိမ့်. . . (ချုပ်ပျောက်သွားပြီ)၊ နောက်က. . . (သိလိုက်ပါပြီဘုရား)၊ အဲ ရှေ့က ချုပ်ပျောက်သွားပြီ၊ နောက်က သိလိုက်ပြီသာနေပါ၊ ခင်ဗျားတို့က ကိလေသာကြားမညှပ်အောင် ကြိုးစားပါ၊ မဆိုထိုက်ဘူးလား. . (ဆိုထိုက်ပါတယ်)။

ကောင်းပြီ၊ ကိလေသာ ကြားမညှပ်အောင်ကိုလည်း ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အနိစ္စ၊ ဒုက္ခ၊ ဒုက္ခဝိပရိ

နာမ ဒီလိုမလာဘူးလား. . . (လာပါတယ်ဘုရား)။

အနိစ္စဟာ ဘာတဲ့. . . (ဒုက္ခပါဘုရား)၊ ဒုက္ခကဘာတဲ့. . . (ဝိပရိနာမ)၊ ဝိပရိနာမ၊ အဲဒီတရားအပေါ်၌ မင်းတို့ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာလို့ စွဲနိုင်ရဲ့လားလို့ မေးလိုက်ရင် . . . (မစွဲနိုင်ပါဘူးဘုရား)။

စွဲနိုင်ကြရဲ့လား. . . (မစွဲနိုင်ပါဘူးဘုရား)၊ မစွဲနိုင်တော့ ဘယ်မှာသာလျှင် ကိလေသာကြားခိုလို့ ရသေးရဲ့လား . . . (မရတော့ပါဘူးဘုရား)၊ စွဲရင် ကိလေသာကြားခိုတယ် . . . (မှန်ပါ့)။

ခုတော့ စွဲနိုင်သေးရဲ့လား. . . (မစွဲနိုင်ပါဘူးဘုရား)၊ ကောင်းပြီ ကိလေသာကြားခိုလို့မရတော့ ဒါဖြင့် အနိစ္စနဲ့မဂ္ဂ၊ ဒုက္ခနဲ့ မဂ္ဂ၊ အနတ္တနဲ့ မဂ္ဂ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ကြားခိုသေးလား. . . (မခိုပါဘူးဘုရား)၊ မခိုတော့ ဒီက လုပ်ပါလား၊ ဒီကချုပ်ပျောက်သွားပြီဆိုသဖြင့် ဝေဒနာနိရောဓ. . . (တဏှာနိရောဓပါဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ချုပ်ပျောက်သွားတာကော မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)၊ ကောင်းပြီ ဒီတော့ဘာဖြစ်ကြ တဏှာနိရောဓဆိုတော့ အဟုတ်ကိုမှန်ပါတယ်၊ အင်မတန်

မှန်တဲ့တရား၊ အဘယ်ကြောင့်မှန်တုံးဆိုတော့၊ တဏှာသည်ပင် ရှာချင်သ၍ရှာ မဂ္ဂင်ငါးပါးပဲတွေ့မယ်. . . (မှန်ပါ့)။

## မဂ္ဂင်ငါးပါးပဲတွေ့တယ်

ရှာရင်ဘာတွေ့မယ်. . . (မဂ္ဂင်ငါးပါးတွေ့မှာပါဘုရား)၊ ရှာရင်မဂ္ဂင်ငါးပါးပဲတွေ့မယ်၊ ဘာဖြစ်လို့ မဂ္ဂင်ငါးပါးတွေ့ရပါလိမ့်. . . (တဏှာနိရောဓော)၊ တဏှာချုပ်နေပြီ . . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် ဒီက ချုပ်ပျောက်သွားတာဘာတဲ့၊ ပါဠိအတိုင်းလုပ်ကြပါ. . . (ဝေဒနာနိရောဓော)၊ ဝေဒနာနိရောဓော ဒီဘက်ထောက်ကြည့်လိုက်တော့. . . (တဏှာနိရောဓောပါဘုရား)၊ ရှုတဲ့သဘောလေးကလေ. . . (မှန်လှပါ)။

ရှုတဲ့သဘောလေးက ဘာပါလိမ့်. . . (တဏှာနိရောဓော)၊ တဏှာနိရောဓောဆိုတော့ တဏှာချုပ်သွားတယ်၊ ဒကာ ဒကာမတွေရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)၊ ချုပ်တဲ့နေရာလာကြည့်တော့ ဘာတွေ့တုံး. . . (မဂ္ဂင်ငါးပါးပါဘုရား)၊ မဂ္ဂင်ငါးပါးလာမတွေ့ဘူးလား. . . (တွေ့ပါတယ်ဘုရား)၊ ဘာဖြစ်လို့တွေ့ရတုံး. . . (တဏှာနိရောဓောကြောင့်ပါဘုရား)။

F 3 A

## ဘုရားကတဏှာကိုကြိမ်းတယ်

ကြည့်လေ၊ မင်းနောက်ကို ခန္ဓာအိမ်ဆောက်ရလိမ့်မယ် လို့ မမှတ်နဲ့တော့. တဲ့. . (မှန်ပါ့) တဏှာယောက်ျား လက်သမား ခန္ဓာအိမ်ကို မင်းဆောက်ရတော့မယ်လို့ မင်းမမှတ်နဲ့တော့တဲ့ဆို တော့ ကံကိုမကြိမ်းဘူးဗျ. . . (မှန်ပါ့ဘုရား) ရိပ်မိပလား. . (ရိပ်မိပါပြီ) ဘာကိုကြိမ်းပါလိမ့် (တဏှာကိုကြိမ်းပါတယ်ဘုရား) ခင်ဗျားတို့ကအောက်မေ့နေတာက ကံကကြောက်စရာကောင်း တယ်ပေါ့၊ ကံများ တယ်ကြောက်စရာကောင်းပါကလား. . တဲ့၊ အင်း မရောင်ရာ ဆေးလိမ်းနေတယ်. . (မှန်ပါ့ဘုရား)။

မရောင်ရာကို (ဆေးလိမ်းပါတယ်ဘုရား) ဘာကြောက် နေကြသတုံး. . . (ကံကြောက်နေကြပါတယ်)။

## ကံကိုကြောက်နေကြတယ်

ကံကြောက်နေတယ်၊ ကံများသိပ်ကြောက်စရာကောင်း တယ်ကွာ မမြင်ဘူးလားကွ၊ မနေ့က အကောင်းကြီး၊ ယနေ့သေ ပြီကွ. . (မှန်ပါ့)။

ကံကသိပ်ကြောက်စရာကောင်းတယ်ကွ၊ အင်းအ ကြောက်ကတော့ လွဲနေပြီ. . (မှန်ပါ့ဘုရား) မဟုတ်ဘူးလား. . (မှန်ပါ့)။

## ခဲကိုခွေးကလိုက်ကိုက်တယ်

အဲဒါ ခင်ဗျားတို့ဟာ လူကြောက်- မကြောက်ပါဘူး. . တိရစ္ဆာန်ကြောက်-ကြောက်နေတာ၊ မဆိုထိုက်ဘူးလား. . (ဆိုထိုက်ပါတယ်ဘုရား) ခဲနဲ့ပစ်လိုက်တော့ကို ခဲကိုခွေးက လိုက် ကိုက်တယ်ဆိုတော့၊ ဒီခွေးသည်ခဲသာ သူကြောက်တယ်၊ ပစ်တဲ့သူ-သူမကြောက်တဲ့ အဓိပ္ပာယ်ရောက်တယ်. . (မှန်ပါ့ ဘုရား) မဟုတ်ဘူးလား. . (ဟုတ်ပါတယ်)။

## ခဲပစ်တဲ့လူသာလိုရင်း

အဲဒီတော့ စင်စစ်ပစ်တဲ့လူသာ လိုရင်းပဲ၊ ခဲကလိုရင်းမှမ ဟုတ်ဘဲ၊ မဟုတ်ဘူးလား. . (မှန်ပါ့) ပစ်တဲ့လူသေရင် ခဲမလာဘူး (မှန်ပါ့)။

အဲဒီတော့ ပစ်တဲ့လူကို လိုက်ကိုက်ရမယ်. . (မှန်ပါ့) ခဲလိုက်ပြီးကိုက်နေတယ်၊ ဒီခွေးဟာလေ. . (မှန်ပါ့) ခင်ဗျားတို့ အခုပြောနေတာလဲ ခဲလိုက်ကိုက်နေတာ. . (မှန်ပါ့ဘုရား) ကံကြောက်တယ်၊ ကျုပ်တော့ ကံတော့သိပ်ကြောက်တယ်. . (မှန်ပါ့) ဘာကြောက်ကြတာတုံး. . (ကံကြောက်ကြတာပါ) ဟာ သွားပြီပေါ့၊ ခင်ဗျားတို့ တိရစ္ဆာန် ကြောက်ကြောက်နေတာ . . . (မှန်ပါ့) ရှင်းပလား. . (ရှင်းပါပြီ)။

တိရစ္ဆာန်ကြောက် ကြောက်နေတာဟာ အကျိုး ကြောက်နေတာ. . (မှန်ပါ့) အကျိုးကို ကြောက်နေတာ (မှန်ပါ့ ဘုရား) အကြောင်းက ဘယ်သူပါလိမ့်. . (တဏှာပါ ဘုရား)။

## တဏှာကပစ်တာ

အဲ. . တဏှာကပစ်တာ. . (မှန်ပါ့ဘုရား) လူပစ်တဲ့ခဲ လူခဲပစ်တာလဲ တဏှာကပစ်တာ. . (မှန်ပါ့ဘုရား) နတ်ဖြစ် အောင်လဲ. . နတ်ခဲပစ်တာ (တဏှာပစ်တာပါ) တဏှာကပစ် လိုက်တာ. . (မှန်ပါ့) အဲဒါ ခင်ဗျားတို့က အင်း-ကံကြောင့် ကံ ကြောင့် ကံများတယ်ဆန်းကြယ်တယ်. . (မှန်ပါ့)။

အံမာ ခင်ဗျားတို့က အတော်ဆိုးတဲ့လူတွေ အကြောင်း အကျိုးမသိတော့ ပြောချင်တာပြောနေတာပဲ. . (မှန်ပါ့) ရိပ်မိ ပလား (ရိပ်မိပါပြီ)။

ဒါဖြင့် ဘာကြောက်ရမလဲ. . (တဏှာကြောက်ရပါမယ်) တဏှာကြောက်ရမည့်ဥစ္စာ. . တဲ့၊ တဏှာက စုထားပြီး တစ်ခု ချင်း လွှတ်ပေးနေတာ. . (မှန်ပါ့) ရှင်းပလား. . (ရှင်းပါပြီ)။

ဒါဖြင့် ဘာကြောက်ကြမယ်. . (တဏှာကြောက် ရပါမယ်ဘုရား) တဏှာကြောက်ရမယ်ဆိုတာ သဘောကျ ပလား. . (ကျပါပြီ)။

## ယနေ့ကစပြီးပြင်ပါ

ဒါဖြင့် ဒကာဒကာမတွေ ယနေ့ကစပြီးသကာလ ပြင်ပါဦး. . (မှန်ပါ့ဘုရား) ကျုပ်ဖြင့် ကံအကြောက်ဆုံးပဲ. . ကို၊ ကျုပ်ဖြင့် တဏှာအကြောက်ဆုံးပဲသာ ပြင်ကြပါ. . (မှန်ပါ့ဘုရား)

ဘယ့်နှယ်ပြင်ကြမယ်. . (တဏှာအကြောက်ဆုံးပဲလို့ ပြင်ရမှာပါဘုရား) ပြင်ရဲပ့ါမလား. . ခင်ဗျားတို့ (ပြင်ရဲပါတယ်ဘုရား) မိဘရိုးရာကြီး စွန့်မှစွန့်ရဲပ့ါမလား. . (စွန့်ရဲပါတယ်ဘုရား)။

## မိဘရိုးရာကြီးစွန့်ရမယ်

ဟင်. . (စွန့်ရဲပါတယ်ဘုရား) အမှန်ပြောလာလို့ရှိရင်တော့ စွန့်ရမယ် (မှန်ပ့ါ)။

ဩော်. . သမုဒယမသေတော့ ဒုက္ခဖြစ်တာပဲ. . (မှန်ပ့ါဘုရား) သူက တန်းနေတာပဲ. . (မှန်ပ့ါဘုရား) မတန်းဘူးလား (တန်းပါတယ်)။

သမုဒယမသေလို့ ဒုက္ခဖြစ်တာ၊ ကျုပ်တို့ အိုရ၊ နာရ၊ သေရ၊ ရောဂါဝေဒနာတွေရကြ . . (မှန်ပ့ါ) သမုဒယမချုပ်လို့ ဒုက္ခဖြစ်ရတာ. . . (မှန်ပ့ါဘုရား) ဒီလိုရေးရင် မှန်တာ သူ့ဟာ (မှန်ပ့ါဘုရား)။

အခုတော့ ကံမကောင်း အကြောင်းမသင့်လို့ ဖြစ်ရ

တယ်ဆိုတော့ ဘယ်မှာ ဒီကံနဲ့ ဘာဆိုင်တာတုံး၊ ဘာမှမဆိုင်ဘူး (မှန်ပါ့ဘုရား)၊

## ကံကအစေခံ၊ မန်နေဂျာကတဏှာ

တဏှာက လွှတ်ပေးလို့ ကံက အကျိုးပေးရရှာတာ. . (မှန်ပါ့ဘုရား) ဟိုကအစေခံ မန်နေဂျာက တဏှာ. . (မှန်ပါ့ဘုရား) မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)။

အဲဒီမန်နေဂျာနဲ့ အစေခံနဲ့ကို ခင်ဗျားတို့က မကွဲဘူး. . (မှန်ပါ့) တစ်ခါတည်း အစေခံသာရိုက်ချင်တာပဲ. . (မှန်ပါ့) ရိုက်ချင်ရင်မန်နေဂျာရိုက်မှ နေရာကျတော့မှာပေါ့ဗျ. . (မှန်ပါ့) သဘောပါပလား. . (ပါပါပြီဘုရား)။

## တဏှာကြောက်ရမယ်

ဒါဖြင့် ဘာကြောက်ရမလဲ. . (တဏှာကြောက်ရပါတယ်) တဏှာကြောက်ရမယ်နော်. . (မှန်ပါ့) ကဲ. . ရေထဲမှာ ပုလဲငုတ်တယ်၊ ဦးခင်မောင် နာရီကလွန်သွားတယ်. . (မှန်ပါ့) နာရီဝက်ငုတ်ရမည့်ဥစ္စာ အချိန်ကလွန်သွားတယ်၊ နာရီဝက်ငုတ်ရမည့်ဥစ္စာ အချိန်ကလွန်သွားတယ်၊ နာရီသုံးမတ်လောက်ကျသွားတယ်၊ သုံးမတ်ကြာရင်သေတာပဲ ဒီလူ. . (မှန်ပါ့) ဘာဖြစ်လို့တုံး ဟိုထဲမှာ ပုလဲရှာနေလို့၊ ပုလဲရှာတာ ကြာသွားလို့

. . (မှန်ပါ့) ရတာကလေးတွေက များတော့ ရသရွှေ့အိတ်ကြီး ထဲထည့်နေလို့။

အင်း. . ကြုံတောင့်ကြုံခဲ ရခဲ့တာတွေမို့ အချိန်လွန် သွားတယ်ဆိုတော့၊ ကဲ. . ဒကာဒကာမတွေပဲ စဉ်းစားကြည့် ပါတော့တဲ့၊ ဒီပုလဲရှာတဲ့လူ အချိန်လွန်လို့ သေတာဟာ ကံမကောင်းလို့ သေတာလား၊ တဏှာကြောင့် သေတာ လား. . (တဏှာကြောင့် သေတာပါဘုရား) ဟုတ်ပါ့မလား . . . (ဟုတ်ပါတယ်ဘုရား)။

ဘယ်သူ့ကြောင့်သေတာတုံး . . (တဏှာကြောင့် သေတာပါဘုရား) ကဲ. . ဒါဖြင့် သေမင်းဟာသူပဲ. . (မှန်ပါ့) ရှင်းပလား. . (ရှင်းပါပြီ)။

သေမင်းဟာ. . (သူပါပဲဘုရား) သဘောပါပလား. . (ပါပါပြီ) ခင်ဗျားတို့ကလဲ သေမင်းမိတ်ဆွေ လုပ်နေတဲ့လူစု (မှန်ပါ့ဘုရား) ဘယ့်နှယ့်ဆိုကြမယ်. . (သေမင်းမိတ်ဆွေ လုပ် လုပ်နေကြပါတယ်ဘုရား) ဦးသံဒိုင်တို့လူစု ဘာလုပ်နေကြသလဲ . . (သေမင်းမိတ်ဆွေလုပ်နေပါတယ်ဘုရား)။

## သတ်မည့်သူမိတ်ဆွေလုပ်နေတယ်

တော်တော်ထူ သေးတာပဲ. . (မှန်ပါ့ဘုရား) မဆိုထိုက် ဘူးလား. . (ဆိုထိုက်ပါတယ်ဘုရား) သေမင်းမိတ်ဆွေလုပ်ရ

အောင်လာတယ်ဆိုကတည်းက၊ သတ်မည့်သူ မိတ်ဆွေလုပ်နေတာ ဒီထက်အတဲ့လူ ဘယ်ရှာတွေ့ပါ့မလဲ . . . (မတွေ့ပါဘုရား) အဲ ဒါဉာဏ်ရောက်ရတယ်. . (မှန်ပါ့) ခင်ဗျားတို့က အောက်မေ့နေတာက ဩော် . . ဒါကလေး တဏှာကလေးရှိလို့ လိုချင်တာ လိုချင်လည်း စိတ်ကလေးရှိလို့ ယူ-ယူလိုက်ရတယ်၊ တော်တော် သေးတယ်၊ ဒီလိုပြောချင်ပြောနေတာ. . (မှန်ပါ့) သေမင်းကို ကျေးဇူးတင်တယ်. . (မှန်ပါ့ဘုရား)။

စင်စစ်တော့ သေအောင်သတ်တာလဲ သူပဲ၊ ဒုက္ခရောက်အောင် လုပ်တာလဲ (သူပဲ) ရှင်းပလား. . (ရှင်းပါပြီ) ဒါကြောင့် သမုဒယသစ္စာလို့ သူ့ကိုခေါ်တာပေါ့ (မှန်ပါ့) သူက ဒုက္ခမျိုးစုံ၏ဖြစ်ကြောင်း. . (မှန်ပါ့) မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်)။

ဒုက္ခမျိုးစုံ၏ (ဖြစ်ကြောင်းပါဘုရား) ဘယ်သူပါလိမ့်. . (တဏှာပါဘုရား) တဏှာသမုဒယ. . (မှန်ပါ့) ရှင်းပလား. . (ရှင်းပါပြီ)။

## တဏှာချုပ်ရင်ကံအလိုလိုပျောက်တယ်

ကောင်းပြီ၊ ဒါဖြင့် တဏှာနဲ့ ကံ ယနေ့ရှင်းပါပြီ (မှန်ပါ့) ဘယ်ဟာကြောက်ရမှာလဲ. . (တဏှာကြောက်ရမှာပါဘုရား) ကံကိုမကြောက်နဲ့ (မှန်ပါ့) ကံကိုမကြောက်နဲ့ ဘာမှကြောက်

စရာမရှိဘူး၊ တဏှာချုပ်ရင် ကံ-အလိုလိုပျောက်တယ် (မှန်ပါ့ ဘုရား)။

တဏှာချုပ်ရင် (ကံ-အလိုလိုပျောက်ပါတယ်ဘုရား) ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ တဏှာလဲချုပ်ပါရော၊ ဝေဿန္တရာ လက်ထက်ကကံတွေ အကုန်ပျောက်တယ် (မှန်ပါ့) အကျိုးပေး နိုင်သေးရဲ့လား (မပေးနိုင်ပါဘုရား) မပေးနိုင်ဘူးဆိုလို့ ရှိရင်ဖြင့် တဏှာ ချုပ်ရင် ကံပျောက်ပါတယ် (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ)။

## တဏှာချုပ်အောင်လို့ဝိပဿနာရှုတာ

ဒါကြောင့် ဝိပဿနာရှုတာသည် ဒကာဒကာမတို့ ကံ ချုပ်အောင်လို့ ရှုနေတာလား၊ တဏှာချုပ်အောင်လို့ ရှုနေတာ လား၊ . . . (တဏှာချုပ်အောင်လို့ ရှုနေတာပါဘုရား) ဒါကြောင့်မဂ်သည် ကံကိုဖြတ်သလား၊ တဏှာကိုဖြတ်သလား အကဲခတ်စမ်း. . . (တဏှာကိုဖြတ်ပါတယ်ဘုရား)။

**ကိလေသေ မာရေန္တော နိဗ္ဗာနံ ဂစ္ဆတီတိမဂ္ဂေါ** 'လို့ဖွင့် တယ်. . . (မှန်ပါ့) မဟုတ်ဘူးလား. . . (ဟုတ်ပါတယ်ဘုရား) ကိလေသေ= ကိလေသာတို့ကို၊ မာရေန္တော=သတ်လျှက်၊ နိဗ္ဗာနံ ဂစ္ဆတိ=နိဗ္ဗာန်သို့ သွားတတ်၏။ က္ကတိတသ္မာ=ထို့ကြောင့်၊ မဂ္ဂေါ= မဂ်ဉာဏ်မည်၏ အစရှိသည်နဲ့ ဟောထားတာကို ထောက်လိုက် တော့ ဩော်. . . ဒို့သည် အကြောက်လွဲနေပါ သေးကလား ဆိုတာ ပေါ်လာတယ် (မှန်ပါ့ဘုရား)။

## အကြောက်လွဲနေကြတယ်

ဘာလွဲနေသတုံး . . . (အကြောက်လွဲနေပါတယ်ဘုရား) ဘယ်ဟာကြောက်ကြမလဲ . . . (တဏှာကြောက်ရပါမယ်ဘုရား) နောက်ကျတော့ ညည်းချင်လို့ရှိရင်၊ ခင်ဗျားတို့ ပါးစပ်ထဲမှာ အမှန်ညည်းကြပါနော် (မှန်ပါ့) သမုဒယကြောင့် ဒုက္ခဖြစ်ရလေ ခြင်း၊ ဒါကောင်းတယ်. . . (မှန်ပါ့ဘုရား) ကံမကောင်းလို့ဖြစ် ရလေခြင်းမလုပ်နဲ့. . . (မှန်ပါ့)။

သမုဒယကြောင့် (ဒုက္ခဖြစ်ရလေခြင်း) အဲဒါ အမှန်ဆုံးပဲ. . . (မှန်ပါ့ဘုရား) သမုဒယကြောင့် (ဒုက္ခဖြစ်ရလေခြင်း) အဲ. . . ဒုက္ခဖြစ်ရလေခြင်းဆိုရင် တည့်ပြီ. . . (မှန်ပါ့) ကံမကောင်းလို့ ဖြစ်ရလေခြင်းဆိုရင် (မတည့်ပါဘုရား) တဏှာက ပြုံးနေမှာပေါ့။ လုပ်တော့ငါလုပ်တာကွာ ဟိုကောင်ပေါ်ကျနေတယ်၊ မပြုံးပေဘူးလား၊ ပြုံးမလား. . . (ပြုံးစရာပါဘုရား). . . ရှင်းပလား. . . (ရှင်းပါပြီ)။

အဲဒါတဏှာက ပြုံးချင်လို့ ပြုံးရတာလား ခင်ဗျားတို့ အလိုပြုံးရတာလား (တပည့်တော်တို့အ-လိုပြုံးတာပါ) ဆန်ခိုး မမိဖွဲခိုးမိနေတာ. . . (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

ဒါဖြင့် ဒီလိုလုပ်ပါ၊ ခင်ဗျားတို့ တိုင်ခြေမှာဝပ်တဲ့ သားကောင် ခြောက်မျိုးရှိပါတယ်၊ အဲဒီ သားကောင်ခြောက်မျိုးကို တိုင်ခြေမှာဝပ်အောင်လုပ်ပါ. . . (မှန်ပါ့ဘုရား) မနေ့ာဒွါရ

အောက်ကို ရောက်အောင်လုပ်ပါ. . . (မှန်ပါ့) သဘောပါ ပလား. . . (ပါ-ပါပြီ)။

ဘယ်အောက်ရောက်အောင်လုပ်ရမယ် (မနောဒွါရ အောက်ရောက်အောင်လုပ်ရပါမယ်) လိုက်မသွားနဲ့နော်. . . (မှန်ပါ့) သူ့အောက်ကိုရောက်အောင်လုပ်ရမယ်. . . (မှန်ပါ့)။

## ဝိပဿနာဉာဏ်အောက်ရောက်အောင်လုပ်ပါ

ဒါဖြင့် မြင်စိတ်ကိုလဲ ဝိပဿနာဉာဏ်အောက်ရောက် အောင်လုပ်. . . (မှန်ပါ့ဘုရား) ကြားစိတ်ကို (ဝိပဿနာဉာဏ် အောက်ရောက်အောင်လုပ်ရပါ့မယ်) နံစိတ်ကို (ဝိပဿနာ ဉာဏ်အောက်ရောက်အောင်လုပ်ရပါ့မယ်) စားစိတ်ကို. . . (ဝိပ ဿနာဉာဏ်အောက်ရောက်အောင် လုပ်ရပါမယ်) ယားစိတ်၊ ယံစိတ်၊ ကောင်းစိတ်ကို(ဝိပဿနာဉာဏ်အောက် ရောက် အောင် လုပ်ရပါမယ်) ကြံစိတ်၊ စည်စိတ်တွေကို. . . (ဝိပဿနာ ဉာဏ်အောက်ရောက်အောင် လုပ်ရပါမယ်)။

ဟာ. . . အဲဒါတိုင်ခြေဝပ်ပြီ (မှန်ပါ့) တိုင်ခြေဝပ်ပြီ၊ သားကောင် ခြောက်ကောင် တိုင်ခြေဝပ်ပါပြီ၊ ခင်ဗျားတို့ ဒီနေ ရာက နေပြီးသကာလ သူတို့ကိုသာလျှင်-တဲ့၊ မောတာနဲ့သူတို့ ရပ်လို့ရှိရင်ဖြင့် သူတို့ကိုခင်ဗျားတို့က နိုင်ပါပြီ (မှန်ပါ့ဘုရား)။

အဲဒီကျတော့ '**ဖန္ဒနံ စပလံစိတ္တံ**' ဆိုတဲ့ အတိုင်းသူက တုန်တုန်လှုပ်လှုပ်နေရမှ ဒီစိတ်တွေဟာ ဖြစ်တယ်. . (မှန်ပါ့) '**ယတ္ထကာမ နိပါတိနော**' ဆိုတာ သူသွားချင်တဲ့ဆီသွားတာပဲ (မှန်ပါ့)

အဲဒါ ခင်ဗျားတို့က သွားခွင့်မပေးဘဲနဲ့၊ စိတ်ဆိုတာ သွားချင်တဲ့ဆီ သွားတာပဲ. . (မှန်ပါ့) ကဲ. . သွားချင်တဲ့ဆီမသွား ရဘူးကွ၊ တိုင်ခြေဝပ်ရမယ်ကွ၊ ရှင်းပလား. . (ရှင်းပါပြီ)။

ဘယ်ဝပ်ရမှာပါလိမ့် . . (တိုင်ခြေဝပ်ရမှာပါ) မနောဒွါ ရ တိုင်ခြေမှာ သူ့ကို ကြိုးခြောက်ချောင်းနဲ့ချည်ပြီး တုပ်ပြီးမနော ဒွါရင့်တတ်တိုင်နဲ့စိုက်ပြီး ဒီနေရာမှာ မောပြီးရပ်ပါစေ (မှန်ပါ့)။

ဘုရားက ဒါဟောတယ် (မှန်ပါ့) မောပြီးရပ်တဲ့အခါကျ တော့ ဘယ်သားကောင်မှ နာလန်ထူနိုင်သေးရဲ့လား. . (မထူနိုင် ပါဘူးဘုရား) သူတို့ပြေးချင်တဲ့ဆီပြေးရသေးရဲ့လား (မပြေးရပါ ဘုရား)။

## အနေမြဲပြီ၊ အသေမြဲပြီ

မပြေးရဘူး၊ အကုန်မောပြီး တိုင်ခြေမှာလာဝပ်ရတယ်. . (မှန်ပါ့) အဲဒီလိုဝပ်လို့ရှိရင်ဖြင့် ခင်ဗျားတို့အနေနဲ့လဲ မြဲပါပြီ. . (မှန်ပါ့) အသေကော. . (မြဲပါပြီဘုရား) အနေလဲမြဲပါပြီဆိုတာ သူတို့ဆွဲရာမပါတော့ဘူး. . (မပါတော့ပါဘုရား)။

အသေလဲ မြဲပါပြီဆိုတာက တခြားမဟုတ်ပါဘူး. . တဲ့၊ ဒကာ ဒကာမတို့ သူတို့ဆွဲရာပါလို့ရှိရင်ဖြင့် သေခြင်းဆိုးချည်းပဲ. . . (မှန်ပါ့)။

သူတို့ဆွဲရာမပါတော့ဘူးဆိုလို့ရှိရင် သေခြင်းဆိုး အဖြစ်တော့မရောက်တော့ပါဘူး. . (မှန်ပါ့ဘုရား) သဘောပါပလား . . (ပါပါပြီ)။

ဒါဖြင့် ဘယ့်နှယ်လုပ်ကြမလဲ. . (တိုင်ခြေဝပ်အောင် လုပ်ရပါမယ်) တိုင်ခြေဝပ်အောင် လုပ်ရမယ်ဆိုတာ သဘောကျပလား. . (ကျပါပြီ)။

## ဘယ်စိတ်လာလာဖြစ်ပျက်ရှု

ဒါဖြင့် ဘယ်စိတ်လာလာ ဦးသံဒိုင် ဘယ့်နှယ်လုပ်ရမလဲ (ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက်ရှု (မှန်ပါ့) ပေါ်ချင်တဲ့စိတ်ပေါ်၊ ဘာလုပ်ကြမလဲ (ဖြစ်ပျက်ရှုရပါမယ်)။

ဘာ့ကြောင့် ဖြစ်ပျက်ရှုရပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့မှ ခင်ဗျားတို့ သန္တာန်ပုထုဇဉ်စိတ်ပဲရှိတယ် (မှန်ပါ့) ပုထုဇဉ် စိတ် ဟူသရွေ့လဲ မရှုကောင်းတဲ့ စိတ်ရယ်လို့ မရှိပါဘူး (မှန်ပါ့ဘုရား) ပုထုဇဉ်စိတ် ဟူသရွေ့ဟာ (မရှုကောင်းတဲ့စိတ် မရှိပါဘုရား)။

ဒါကြောင့် ရှင်သာရိပုတ္တရာက ဟောပါတယ်၊ မင်းဟာသူတစ်ပါးစိတ် အကဲခတ်ရတာ မှားတယ်-မှန်တယ် နှစ်မျိုးရှိတယ်ကွ၊ ကိုယ့်စိတ်ကို ကိုယ်အကဲခတ်နိုင်လို့ရှိရင် နိဗ္ဗာန်ရောက်ပါတယ်တဲ့. . (မှန်ပါ့ဘုရား) ဘာတဲ့တုံး. . (ကိုယ်စိတ်ကိုယ် အကဲခတ်နိုင်ရင် နိဗ္ဗာန်ရောက်ပါတယ်. . . တဲ့)။

ဟော. . . ဘာစိတ်ဖြစ်တယ်ဆိုရင် ဖြစ်ဖြစ်ချင်း သိအောင်ဖြစ်ပျက်ရှုပစ်ပါ. . . (မှန်ပါ့) ဟော. . ဒုတိယစိတ်ဖြစ်လာတယ်ဆိုရင် ဖြစ်ဖြစ်ချင်း. . (ဖြစ်ပျက်ရှုရပါမယ်) စိတ်ထဲရှုတော့သူဟာ လောဘစိတ်ပဲ၊ မင်းလဲ ဖြစ်ပျက်ရှုရမယ်၊ ဒေါသစိတ်လာရင်လဲ. . (ဖြစ်ပျက်ရှုပါမယ်ဘုရား)။

အင်း. . . ဟင် မင်းဟာ ပဋိစ္စသမုပ္ပါဒ် စတော့မလို့ဆိုတော့ ကိုယ့်စိတ်ကိုတော့ သိတယ်. . (မှန်ပါ့) သူတစ်ပါးစိတ်ကိုတော့. (မသိပါဘုရား) မသိဘူးတဲ့ မှားသည်ရှိ မှန်သည်ရှိ ရှိပါတယ်တဲ့. . (မှန်ပါ့)။

ဒါဖြင့် ကိုယ့်စိတ်ကို ကိုယ်သိတဲ့ ပုဂ္ဂိုလ်သည် ဒကာဒကာမတို့ ဝိပဿနာဉာဏ်ရတဲ့ ပုဂ္ဂိုလ်လို့ မှတ်လိုက်ပါ. . (မှန်ပါ့ဘုရား) ကိုယ့်စိတ်ကိုယ်သိနိုင်တဲ့ ပုဂ္ဂိုလ်ဟာ. . (ဝိပဿနာဉာဏ်ရတဲ့ ပုဂ္ဂိုလ်ပါဘုရား) အိပ်တဲ့စိတ်မှတစ်ပါး ကျန်တဲ့စိတ်တွေကို အကုန်ရှုပစ်ရမယ်. . (မှန်ပါ့) အိပ်တဲ့စိတ်မှတစ်ပါး (ကျန်တဲ့စိတ်တွေ အကုန်ရှုရပါမယ်ဘုရား)။

## အိပ်တဲ့စိတ်ဆိုတာဘဝင်စိတ်

အိပ်တဲ့စိတ်ဆိုတာက မပြောပါနဲ့တဲ့၊ ကိုယ်အိပ်တာကို မသိလို့ ရှုစရာမလိုပါဘူး. . (မှန်ပါ့ဘုရား) ကောင်းကျိုးလဲ မပေးဘူး၊ ဆိုးကျိုးလဲမပေးဘူး၊ အဲဒီစိတ် ဘဝင်စိတ်ဆိုတာက . . (မှန်ပါ့ဘုရား) သဘောပါရဲ့လား. . (ပါ-ပါတယ်ဘုရား)။

ကျန်တဲ့ ဇောစိတ်ဟူသရွေ့ကိုဖြင့် ဦးသံဒိုင်တို့၊ မောင်သစ်တို့က မမိ မိအောင် ရှုရမယ်. . (မှန်ပါ့ဘုရား) ဇောကမှ အကျိုးပေးတာ၊ ဘဝင်က အကျိုးမပေးဘူး. . (မှန်ပါ့)။

ဘဝင်ကနောက်ဘဝ ဒီဘဝ ဘယ်တော့မှ အကျိုးပေးရိုးထုံးစံမရှိဘူး. . (မှန်ပါ့). . ရှင်းပလား. . (ရှင်းပါပြီ)။

ဒါဖြင့် ဘယ့်နှယ်လုပ်ကြမယ်. . (ပေါ်ချင်တဲ့စိတ် ပေါ်ပေါ်ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

အဲ. . ကိုယ့်သန္တာန်မှာ ပုထုဇဉ်စိတ်မှတစ်ပါး တခြားစိတ်မပေါ်ပါဘူး. . (မပေါ်ပါဘူးဘုရား)။

အဲဒီတော့ ပုထုဇဉ်စိတ် ပေါ်သရွေ့ကို အရိယာစိတ်ပြောင်းလိုက်ပါ. . (မှန်ပါ့ဘုရား) ရှင်းပြီးနော်. . (ရှင်းပါပြီ) ပုထုဇဉ်စိတ် ပေါ်သရွေ့ကို (အရိယာစိတ်ပြောင်းရပါမယ်)။

## အရိယာစိတ်ပြောင်းလိုက်ပါ

အရိယာစိတ်ပြောင်းလိုက်ပါဆိုတာက ပုထုဇဉ်စိတ်

ပေါ်လာလို့ရှိရင်ဖြင့်. . တဲ့၊ ဒီက ဖြစ်ပျက်ကိုရှုနိုင်တဲ့ အရိယာ စိတ်ပြောင်းလိုက်. . (မှန်ပါ့ဘုရား)။

ပြောင်းလိုက်လို့ ရှိရင်ဖြင့်. . တဲ့၊ အခုရှုနိုင်တဲ့ဉာဏ်နဲ့ နေနိုင်တဲ့ ပုဂ္ဂိုလ်ဟာ အရိယာဖြစ်ရမယ်. . (မှန်ပါ့) ရှင်းပလား. (ရှင်းပါပြီ) ရှုနိုင်တဲ့ဉာဏ်နဲ့ နေနိုင်တဲ့ ပုဂ္ဂိုလ်ဟာ. . (အရိယာ ဖြစ်ရမယ်) ဘာပြောင်းယူတာတုံး၊ အို. . ပုထုဇဉ်စိတ်ကို အရိယာစိတ် ပြောင်းယူတာ. . . (မှန်ပါ့ဘုရား) ရှင်းပလား. . (ရှင်းပါပြီ)။

ဘယ်လိုမှတ်ကြမယ်. . (ပုထုဇဉ်စိတ်ကို အရိယာစိတ် ပြောင်းယူတာပါဘုရား)။

အဲဝိပဿနာရှုဆိုတာ ကုသိုလ်ရအောင် ရှုတာလား၊ စိတ်ပြောင်းတာလား . . (စိတ်ပြောင်းတာပါဘုရား)။

ဦးသံဒိုင် ဒါသေသေချာချာမှတ်ပါ. . (မှန်ပါ့) တော်တော် အရေးကြီးတဲ့ စကားလို့မှတ်ပါ. . (မှန်ပါ့ဘုရား)။

ပုထုဇဉ်စိတ်ဟူသရွေ့ကို အရိယာအဖြစ်ကို ပြောင်းတာ ပါ (မှန်ပါ့) သဘောကျပလား. . (ကျပါပြီ) ပုထုဇဉ်စိတ်ကို (အရိယာအဖြစ်သို့ ပြောင်းတာပါ) ဘယ်လိုပြောင်းရမှာပါလိမ့် . . (ဖြစ်ပျက်ရှုရမှာပါ) ပထမ ပုထုဇဉ်စိတ်တွေ လာလိမ့်မယ် . . တဲ့၊ ဟုတ်လား. . (မှန်ပါ့) ပုထုဇဉ်စိတ်တွေချည်းပေါ်မယ် . . (မှန်ပါ့) ပုထုဇဉ်စိတ်တွေချည်း ပေါ်တာကိုခင်ဗျားတို့က

မိအောင်ရှုနိုင်လို့ရှိရင်ဖြင့် ဒါ. . အရိယာဖြစ်တာပဲ (မှန်ပါ့) သဘောကျပလား. . (ကျပါပြီ)။

## ဖြစ်ပျက်မြင်အောင်ရှုမှမဂ်စိတ်ပေါ်တယ်

ဒါဖြင့် အရိယာကမွေးလို့ အရိယာဖြစ်သည် မဟုတ်ဘူး (မှန်ပါ့) ပုထုဇဉ်စိတ်ကို ရှုနိုင်လို့ အရိယာဖြစ်တာ. . (မှန်ပါ့) ပုထုဇဉ်စိတ်ကို. . . (ရှုနိုင်လို့ အရိယာဖြစ်တာပါဘုရား) ပုထုဇဉ်စိတ်ကို ဖြစ်ပျက်မြင်အောင်ရှုသောကြောင့် မဂ်စိတ်ပေါ်တယ်. . (မှန်ပါ့)။

ဒါဖြင့် ဒကာ ဒကာမတို့ ယနေ့တရားမှာ တိုင်ခြေမှာဝပ်တဲ့သားကောင် ခြောက်ကောင်ကို ဘုရားက ဥပမာပြတယ်၊ တိုင်ခြေမှာဒွါရခြောက်ပေါက်မှာ ဖြစ်တဲ့ စိတ်ဟာ ပုထုဇဉ်စိတ်တွေ. . (မှန်ပါ့ဘုရား) သဘောကျပလား (ကျပါပြီ)။

အဲဒီ ပုထုဇဉ်စိတ်က ခင်ဗျားတို့ ပြောင်းလိုက်လို့ ရှိရင်လဲအရိယာဖြစ်နိုင်တယ်. . (မှန်ပါ့ဘုရား) မပြောင်းတတ်လို့ရှိရင် ပုထုဇဉ်စိတ်ချည်း တန်းပေါ်တယ်. . (မှန်ပါ့)။

မပြောင်းတတ်ရင်. (ပုထုဇဉ်စိတ်ချည်း တန်းပေါ်ပါတယ်ဘုရား) မြင်တယ်၊ ဥပမာအားဖြင့် ခံစားမယ်ဆိုတော့ ပုထုဇဉ်စိတ်ပေါ်တာပဲ၊ လိုချင်တယ်ဆိုတော့ . (ပုထုဇဉ်စိတ်ပါ) စွဲလမ်းတယ်ဆိုတော့ (ပုထုဇဉ်စိတ်ပါ) အားထုတ်မယ်ဆိုတော့

(ပုထုဇဉ်စိတ်ပါဘုရား) ပုထုဇဉ်စိတ်တွေချည်း ပေါ်နေတယ်. (မှန်ပါ့)။

အဲဒီစိတ်တွေကို ခင်ဗျားတို့မပေါ်ရအောင် မြင်စိတ်ဖြစ်ပျက်ရှုလိုက်တော့ကို ပုထုဇဉ်စိတ်ပျောက်ပြီး အရိယာစိတ်ရောက်တယ်. . (မှန်ပါ့)။

ကြားစိတ်ဖြစ်ပျက်ရှုလိုက်တော့. . . (ပုထုဇဉ်စိတ်ပျောက်ပြီး အရိယာစိတ် ရောက်ပါတယ်ဘုရား)။

အဲ. . ပုထုဇဉ်စိတ်ကအပျောက်. . (မှန်ပါ့) အရိယာစိတ်က (အရောက်ပါဘုရား) ဆိုတော့ သေချာပလား. (သေချာပါပြီ)။

## ပုထုဇဉ်စိတ်ကိုဖြစ်ပျက်ရှုမှ အရိယာဖြစ်မယ်

ဒါဖြင့် အရိယာဖြစ်ချင်လို့ ရှိရင်ဖြင့် ပုထုဇဉ်စိတ်ကို ဖြစ်ပျက်ရှုမှ အရိယာအဖြစ်သို့ရောက်မယ်. . (မှန်ပါ့) ပုထုဇဉ်အဖြစ်ကို ပုထုဇဉ်ကိုမရှုနိုင်လို့ရှိရင် အရိယာအဖြစ်သို့ မရောက်ပါဘူး. . (မရောက်ပါဘုရား)။

တစ်ခါသွားဦး၊ သောတာပန်သန္တာန်ဖြစ်တဲ့စိတ်ကို ရှုပါမှ သကဒါဂါမ်ဖြစ်မယ်. . (မှန်ပါ့) သဘောကျပလား (ကျပါပြီ)။

သောတာပန်သန္တာန်ဖြစ်တဲ့စိတ်တွေ ဟူသရွေ့ ဖြစ်ပျက်ရှုနိုင်မှ (သကဒါဂါမ်ဖြစ်ပါတယ်ဘုရား) သကဒါဂါမ် သန္တာန်

ဖြစ်တဲ့ စိတ်တွေရှုနိုင်မှ. . (အနာဂါမ်ဖြစ်ပါတယ်) အနာဂါမ် သန္တာန်ဖြစ်တဲ့ စိတ်တွေ ရှုနိုင်မှ. . (ရဟန္တာဖြစ်ပါတယ်ဘုရား)။

ကဲ. . ဒါဖြင့် ဒကာ ဒကာမတို့ စိတ်ပြောင်းဟာ အရေးကြီးလာပြီ. . (မှန်ပါ့ဘုရား) သဘောပါလား (ပါပါပြီ)။

ဘာအရေးကြီးသလဲ. . (စိတ်ပြောင်းတာအရေးကြီးပါတယ်ဘုရား) ပြောင်းတတ်ပလား (ပြောင်းတတ်ပါပြီဘုရား)။

ကဲ- ဒါဖြင့် ပြောင်းတတ်လို့ရှိရင်ဖြင့် ခင်ဗျားတို့ အရိယာဖြစ်ရပါလို၏ ဆုတောင်းရမှာလား၊ ရှုတဲ့ပုဂ္ဂိုလ်ဟာ ပြောင်းနေတာပဲလို့ ဆိုတာ ဝေဖန်လိုက်ကြစမ်းပါ . . . (ရှုတဲ့ ပုဂ္ဂိုလ်ဟာ ပြောင်းနေတာပါဘုရား)။

## ဝိပဿနာမရှုရင်အရိယာမဖြစ်

ရှုတဲ့ပုဂ္ဂိုလ်ဟာ ပြောင်းနေတာ. . (မှန်ပါ့) မရှုတဲ့ ပုဂ္ဂိုလ် ဟာ. . (မပြောင်းပါဘုရား)။

ဒါဖြင့် ဝိပဿနာမရှုဘဲနဲ့လဲ အရိယာ ဘယ်သူမှ ဖြစ်မှာ မဟုတ်ဘူး (မဖြစ်ပါဘုရား) ဘာကြောင့်တုံး. . . မပြောင်းမိလို့ (မှန်ပါ့ဘုရား) ရှင်းပလား. . (ရှင်းပါပြီ) ယနေ့ တရားမှာ သဘောပါပလား. . (ပါ-ပါပြီဘုရား)။

ကဲ. . . အချိန်စေ့ပြီ ယနေ့ညတော်ဦးစို့. . . ။

သာဓု. . . သာဓု. . . သာဓု။